# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၁၄)ရက် ၊ ကြာသပတေးနေ့ ၊ (27-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အကြိုဂုဏ်ပြု ညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နှစ်၈၀ပြည့်တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံနှင့်ပြည်သူ့အကျိုး ရတုအဆက်ဆက် ပေးဆပ်တပ်မတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နှစ်စဉ်နှစ်တိုင်း မတ်လ ၂၇ ရက်နေ့သည် တပ်မတော်သားများအတွက်သာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် သမိုင်းဂုဏ်ဒြပ်ကြီးမားသော နှစ် ၈၀ ပြည့် တပ်မတော်နေ့ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ တပ်မတော်သည် ပြည်သူနှင့်အတူ နယ်ချဲ့ဖက်ဆစ်တို့ကို တော်လှန်တိုက်ပွဲများကိုဆင်နွှဲ၍ ကောင်းမြတ်သောအစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းကာ နိုင်ငံတော်ကို ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက် ပေးဆပ်ခဲ့သည်မှာ ယနေ့ဆိုလျှင် ရတုအဆက်ဆက်ကိုဖြတ်သန်း၍ နှစ် ၈၀ ပြည့်တိုင်ပြီဖြစ်ပါသည်။

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများကိုဆင်နွှဲကာ လွတ်လပ်ရေးကို ရယူပေးခဲ့ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုနှင့် ပြည်ပကျူးကျော်မှုအန္တရာယ်များကို တိုက်ခိုက်ရှင်းလင်း၍ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမည့်အန္တရာယ်တို့နှင့်ကြုံတွေ့ခဲ့ရသော ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရအဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အဖြစ် လည်းကောင်း တိုင်းပြည်ကိုစိတ်ရင်းစေတနာမှန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း စသောမွန်မြတ်သည့် တာဝန်ကြီးများကို ဦးလည်မသုန် ထမ်းရွက်ခဲ့သည်။

အလားတူမကြာသေးသည့် အတိတ်ကာလ၌လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အာဏာရပါတီ၏ သန်းနှင့်ချီသော မဲမသမာမှုနှင့်အခြားသောရွေးကောက်ပွဲပြဿနာများ မဖြေရှင်းဘဲ လွှတ်တော်အသီးသီးခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန်တစ်ဖက်သတ်ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်အာဏာကို မသမာသောနည်းလမ်းနှင့်ရယူရန် ကြိုးစားသော NLD အစိုးရ၏ ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ရန် တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) နှင့်အညီ နိုင်ငံတော်အာဏာကို ခေတ္တရယူထိန်းသိမ်းခဲ့ရသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖြစ် ဖွဲ့စည်းကာ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်၊ အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ် ချမှတ်ခဲ့သည်။ ထိုရည်မှန်းချက်၊ မျှော်မှန်းချက်များ ပြည့်ဝရန်အတွက် နိုင်ငံတော်၏ပကတိအခြေအနေများနှင့်ကိုက်ညီလှသော ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ပြီး အခက်အခဲအကျပ်အတည်းပေါင်းစုံကြားမှ အောင်မြင်စွာလက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ရေရှည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မလွဲမသွေ လိုအပ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး အဓိကစွမ်းအားစုကြီးဖြစ်သော တပ်မတော်ကြီးသည် အင်အားခိုင်မာကောင်းမွန်လာသည်နှင့်အမျှ တိုင်းပြည်၏အင်အားသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားစွာရှိနေမည်ဖြစ်သည်။ နိုင်ငံ၏အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား ခိုင်မာကောင်းမွန်ရေးအတွက် တပ်မတော်သည် နိုင်ငံတော်၏ အသက်သွေးကြောပမာ အဓိကအကျဆုံး၊ အရေးအပါဆုံး အခန်းကဏ္ဍတွင်ရှိနေသည်ဖြစ်ရာ တပ်မတော်အင်အားကောင်းမှသာ တိုင်းပြည်အင်အားကောင်းမည်ဖြစ်ပါသည်။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှု၊ နိုင်ငံတော်ကာကွယ်စောင့်ရှောက်မှု၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု သမိုင်းမှတ်တမ်းကောင်းများရှိပြီးဖြစ်ပါသည်။ ဤသို့ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံကောင်းကျိုး၊ ပြည်သူ့ကောင်းကျိုးမှန်သမျှကို တပ်မတော်သည် ကမ္ဘာတည်သရွေ့ ဆက်လက်ကျေပွန်စွာ ထမ်းဆောင်နေမည်ကို အစဉ်ယုံကြည်လေးစားလျက်ရှိပါကြောင်း ယနေ့ကျရောက်သော နှစ် ၈၀ ပြည့် တပ်မတော်နေ့ နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ အနုပညာအထက်တန်းကျောင်း (မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းဆင်းပွဲကို မတ် ၂၅ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြ‌ဇံ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းချီ၊ ပန်းပုကျောင်းဆင်း လက်ရာမွန်ပန်းချီကားများနှင့် ပန်းပုရုပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနုပညာနှင့်နည်းပညာကို ပေါင်းစပ်ဖန်တီးဆောင်ရွက်နေကြပြီ ဖြစ်သည့်အတွက် မြန်မာ့ရိုးရာကိုအခြေခံသည့် အနုသုခုမပညာရပ်များကို ပိုင်နိုင်စွာ သင်ကြားတတ်မြောက်ထားကြရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့် နည်းပညာပိုင်းဆိုင်ရာများကိုပါ ဆက်စပ်ပေါင်းစည်းဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံပညာအထက်တန်းအဆင့် စာပေပညာရပ်များကို အားထုတ်ကြိုးစားနေကြရမည်ဖြစ်ကြောင်း၊ အနုပညာ၏အရေးပါမှုကိုသိရှိကာ သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကိုအခြေခံပြီး အနုပညာအရည်အသွေးများကို ယခုထက် ပိုမိုတိုးတက် ပြောင်မြောက်လာအောင် တစိုက်မတ်မတ် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပန်းချီပန်းပုဌာနနှင့် ပန်တျာဌာနတို့မှ ထူးချွန်ဆုရရှိကြသောကျောင်းသား၊ ကျောင်းသူ ငါးဦးအား ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခေတ်ကာလအလျောက် တိုးတက်ပြောင်းလဲလာသည့် အနုသုခုမဆိုင်ရာ သဘောတရားများ၊ ပုံသဏ္ဌာန်များ၊ နည်းပညာအတတ်ပညာရပ်များနှင့် ပေါင်းစည်းဖြည့်စွက်မှုများကို တစ်ဖက်ကမျက်ခြည်မပြတ်အောင် လေ့လာနေကြရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ကျောင်းတော်ကြီးတွင်သင်ယူခဲ့ကြရသည့် မြန်မာ့ရိုးရာအမွေအနှစ်အနုသုခုမပညာရပ်များကို မေးမှိန်တိမ်ကောပပျောက်သွားခြင်းမဖြစ်ရလေအောင် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပန်တျာဌာနမှ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် ပန်းချီပန်းပုဌာနမှ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့ကို အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်တျာဌာနမှ သင်တန်းဆင်းပဒေသာကပွဲ စွမ်းရည်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ၂၄ ပြည်ဝင် မနောသုခဆန်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ၂၄ ပြည်ဝင် မနောသုခဆန်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ၂၄ ပြည်ဝင် မနောသုခဆန်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက် ထိ ၂၄ ပြည်ဝင် မနောသုခဆန်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖေဖော်ဝါရီလအတွင်း ဒီဘက်ကနေ မနောသုခဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်တယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် မနောသုခဆန်တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပ



**မန္တလေး မတ် ၂၆**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ရရှိတော်မူသော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရွှေအင်းဝဗိမာန်တော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မတ် ၂၅ ရက် နံနက်ပိုင်းက ရွှေအင်းဝဗိမာန်သို့သွားရောက်ပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအားဖူးမြော်၍ သာသနာတော် ပြန့်ပွားရေးအတွက် ဝမ်းမြောက် ဂုဏ်ယူမိကြောင်း သာသနာရေးဆိုင်ရာများလျှောက်ထား၍ ဩဝါဒများခံယူပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုပြီး ဆရာတော်များ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကာ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကြောင်း၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၄၀၊ ၈၅ x ၈၆ လမ်းကြားနေ ဦးပြုံးကို-ဒေါ်မခ္ခူအောင် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မလှိုင်မြို့နယ် အဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မလှိုင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော လုပ်ငန်းများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၅၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၅၈ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တမူးခရိုင်တွင် စားတော်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**တမူး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် စားတော်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၈၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စားတော်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး မြို့သစ်မြို့နယ်တွင် ဧက ၃၅၀၊ တမူးမြို့နယ်တွင် ၆၈၉ ဧက၊ ခါမ်းပါတ်မြို့တွင် ၈၄၆ ဧက စုစုပေါင်း ၁၈၈၅ ဧကရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၁၈၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် စားတော်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု လုံလောက်မည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်၍ စားတော်ပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်ထံမှ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ပန်းတနော် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ ယခုနှစ် မတ်လပထမပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသဈေးကွက်အပြင် အခြားဒေသများဖြစ်သည့် ပုသိမ်၊ ကျောင်းကုန်း၊ ချောင်းသာ၊ ဇလွန်၊ ငွေဆောင်စသည့် ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ဒေသထွက်ဖရဲသီးတွေကို အခြားမြို့တွေဘက်က တော်တော်လေး အဝယ်လိုက်နေပါတယ်။ ဒါကလဲ အခုနှစ် ဒေသထွက်ဖရဲသီးက အထွက်နှုန်းက သိပ်မထွက်ပေမဲ့မဆိုးပါဘူး။ ဒီနှစ် ရာသီကုန်ထိ ဖရဲသီးက အရောင်းအဝယ်ကောင်းဖို့ ရှိပါတယ်"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံတောင်သူ ၁၀၄ ဦးက တစ်ဦးလျှင် ဖရဲတစ်ဧကမှ ငါးဧကထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဒေသထွက်ဖရဲသီးများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် လယ်လာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော်(အပိုင်း-၈)

**ဗိုလ်ရှိတ်(ရတနာပူရ)**

**သီပေါမင်းသားကိုတွေ့ပြီ**

သီပေါမင်းသား၏ဘွဲ့အမည်ကို သိရပြီဖြစ်သောကြောင့် သီပေါမင်းသားမှာ မည်သည့်အဆက်အနွယ်မှဖြစ်သည်ကို ရှာဖွေရန် ဆွေတော်စဉ်စာရင်းများကို ကြည့်ရပါသည်။ အရင်ဆုံး စာရေးတော်ကြီးဦးရာကျော်၏ မြန်မာမဟာမင်္ဂလာ မင်းခမ်းတော်ကျမ်းပါ ကုန်းဘောင်မင်းဆက် ဆွေတော်စဉ်စာရင်းကို ကြည့်ရှုရှာဖွေမိသည်။ ထိုသို့ရှာဖွေရာတွင် ဘိုးတော်ဗဒုံမင်း၏သားတော် ရခိုင်နိုင်အိမ်ရှေ့မင်းကြီး၏ ဆွေတော်စဉ်စာရင်း၌ သီပေါမင်းသားကိုတွေ့ရှိရပေသည်။ ရခိုင်နိုင်အိမ်ရှေ့မင်းကြီး၏ ကိုယ်လုပ်တော်ဝဏ္ဏကလျာနီက ဖွားမြင်သော သားတော်ဖြစ်သည်။ ထိုအကြောင်းကို ၎င်းဆွေတော်စဉ်စာရင်း၌–

"ကိုယ်လုပ်တော် ဝဏ္ဏကလျာနီမှာ– သီပေါစော်ဘွားကြီးသမီး၊သားတော်မောင်ရွှေပြည့်၊ ၁၁၅၆ခုဘွား၊ ၁၁၇၃ ခု ကံကုံသည်။ နှမတော် သီရိရတနာပဘာဝတီမှာ ၁၁၅၇ခု ဘွား၊ မြောက်သားတော်ကား ခမည်းတော် သားတော် မိုးနဲဗိုလ်မှူး သီရိမဟာဓမ္မရာဇာ၊ ၁၁၉၄ခု ကံကုံတော်မူသည်။မင်းစိန်ပွင့်။ မောင်တော် သီပေါမင်းသား သီရိသုမဟာဓမ္မရာဇာမှာ ၁၁၅၈ ခုဘွား၊ မြောက်သားတော်ကား ညောင်ရမ်းဝန်ကြီး သမီးမောင်မှေး၊ နှမတော် ၁၊ညီမတော် ၁၊ ငယ်ကလွန်" ဟူ၍ဖြစ်သည်။

အထက်ပါ စာရင်းအရ မောင်တော်သီပေါမင်းသား ဆိုသူမှာ မုံတိုင်ပင်ဆရာတော်၏ဒါယကာ သီပေါမင်းသားပင်ဖြစ်သည်။ ကွဲလွဲချက်တစ်ခုမှာ ပဋ္ဌာန်းရာသီစုကျမ်းတွင် သီပေါမင်းသား၏ဘွဲ့မှာ သုသီရိမဟာဓမ္မရာဇာဖြစ်ပြီး ဆွေတော်စဉ်စာရင်း၌ သီရိသုမဟာဓမ္မရာဇာဖြစ်နေခြင်းဖြစ်သည်။ ၎င်းမှာ နှစ်ဦးမဟုတ်ပါ။ တစ်ဦးတည်းပင်ဖြစ်သည်။ ပဋ္ဌာန်းရာသီစုကျမ်းတွင် ပေကူးသူက သုနှင့်သီရိကို ရှေ့နောက်လွဲ၍ကူးခဲ့ခြင်းသာဖြစ်ပေမည်။ ၎င်းမှာဖြစ်တတ်သည့်သဘောပင်ဖြစ်သည်။ ပေဖတ်ဖူး၊ ကူးဖူးသူများ နားလည်ကြသည်။

မုံတိုင်ပင်ဆရာတော်ကြီး၏ ကျောင်းဒါယကာသည် အမရပူရမြို့တည်၊ နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီး၏ မြေးတော်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်း၏သားတော် ရခိုင်နိုင်အိမ်ရှေ့မင်းနှင့်ကိုယ်လုပ်တော် ဝဏ္ဏကလျာဏီတို့ကဖွားမြင်သော သားတော်ဖြစ်သည်။ ဝဏ္ဏကလျာဏီ၏ဖခင်မှာ သီပေါမင်းကြီးဖြစ်သည်။ သီပေါမင်းသားသည် ၁၁၅၈ ခုနှစ်တွင်ဖွားသည်။ ငယ်မည်မှာ မောင်မှေးဖြစ်ပြီး သူ၏မြောက်သားတော်(ဇနီး)မှာ ညောင်ရမ်းဝန်ကြီး၏သမီးဖြစ်သည်။ သီပေါမင်းသားတွင် မောင်နှမမွေးချင်း ငါးဦးရှိသည်။ ထိုငါးဦးမှာ–

၁။ မောင်ရွှေပြည့် (၁၁၅၆ ခုဖွား၊)

၂။ သီရိရတနာ ပဘာဝတီ (၁၁၅၇ ခုဖွား)

၃။ သီပေါမင်းသား သီရိသုမဟာဓမ္မရာဇာ (၁၁၅၈ ခုဖွား၊ ကျောင်းဒါယကာ)

၄။ နှမတော်

၅။ ညီမတော် တို့ဖြစ်သည်။

သီပေါမင်းသား၏ အကြောင်းကို ဦးရာကျော်၏ ဆွေတော်စဉ်စာရင်းထက် ပို၍ပြည့်စုံသော ဆွေတော်စဉ်စာရင်းတစ်ခုကိုတွေ့ရှိရသည်။ ထိုဆွေတော်စဉ်စာရင်းမှာ အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်စာရင်းဖြစ်သည်။ အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်စာရင်း၌တွေ့ရသော သီပေါမင်းသား အကြောင်းမှာ " မောင်တော် သီပေါမင်းသား ၁ မှာ သီရိသုမဟာဓမ္မရာဇာခံ မိုးနဲဗိုလ်မှူး၊ ငယ်မည် မောင်မှေး၊ မြေးသားညောင်ရမ်းဝန်ကြီး သတိုးမဟာသေနာပတိခံ ဦးမြတ်ရာနှင့် ဇင်းမယ်စော်ဘွားသမီး ရှင်အေးသားပုတ္တကျော်တို့ကမြင်သည်။ မယ်ပုဇွန်တို့ သွီးသွင်အိ" ဟူ၍ဖြစ်သည်။

ဤစာရင်းမှာ ပထမစာရင်းထက်ပို၍ ပြည့်စုံသည်။ သီပေါမင်းသားသည် မိုးနဲဗိုလ်မှူးဖြစ်ပြီး သီပေါမင်းသား၏ မြောက်သားတော်မှာ သခင်အိဖြစ်ကြောင်း သိလာရသည်။

**သီပေါမင်းသား၏အဆင့်အတန်း**

မုံတိုင်ပင်ဆရာတော်ကြီးအား ကျောင်းတည်ဆောက်ကိုးကွယ်ခဲ့သည့် သီပေါမင်းသား၏အဆင့်အတန်းကို ဖော်ပြလိုပါသေးသည်။ ရှေးက မင်းသားများကို ဘွဲ့တံဆိပ်ပေးရာတွင် သူ့အဆင့်နှင့်သူ ပေးကြသည်။ ဘုရင့်သားတော်များတွင် တောင်ညာစံမိဖုရားခေါင်ကြီးက မွေးဖွားခဲ့သောသားတော်ကြီးကို အိမ်ရှေ့မင်းအဖြစ်ပေးအပ်ကြသည်မှာ ထုံးစံဖြစ်သည်။ အိမ်ရှေ့မင်းပြီးလျှင် အခြားသားတော်များကို ဘွဲ့အမည်ပေးရာ သူ့အဆင့်နှင့်သူ ခွဲခြား၍ပေးသည်။ မင်းသားများကို ဘွဲ့အမည်ပေးရာတွင် အဆင့်သုံးဆင့် ခွဲခြားထားသည်။ ထိုအဆင့်သုံးဆင့်မှာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ဖြစ်သည်။ ထိုအဆင့်သုံးဆင့်ကိုလည်း တစ်ဆင့်လျှင် ထပ်မံ၍ လေးဆင့်စီ ခွဲခြားပြန်ပါသည်။ ထိုသို့ လေးဆင့်စီထပ်မံခွဲခြားရာတွင် တံဆိပ်အက္ခရာအရေအတွက်ဖြင့် ခွဲခြားသည်။ ထိုအကြောင်းကို ရှင်းလင်းအောင်ဆိုပါဦးမည်။

**ပထမအဆင့်**

၁။ သီဟသူရမဟာဓမ္မရာဇာ။ ၁၀ လုံး။ အမြင့်ဆုံး

၂။ သုသီရိမဟာဓမ္မရာဇာ။ ၉ လုံး။ ၎င်းအောက်

၃။ မဟာသီရိဓမ္မရာဇာ။ ၈ လုံး။ ၎င်းအောက်

၄။ မဟာဓမ္မရာဇာ။ ၆ လုံး။ ၎င်းအောက်

**ဒုတိယအဆင့်**

၁။ သတိုးမင်းရဲမင်းလှစည်သူ။ ၈ လုံး။ အမြင့်ဆုံး

၂။ သတိုးမင်းရဲနရာ၊ သတိုးမင်းရဲမင်းလှ၊ သတိုးမင်းရဲသီဟ၊ သတိုးမင်းရဲကျော်စွာ။ ၆ လုံး။ ၎င်းအောက်

၃။ သတိုးမင်းလှငယ်။ ၅ လုံး။ ၎င်းအောက်

၄။ သတိုးကျော်။ ၃ လုံး။ ၎င်းအောက်

**တတိယအဆင့်**

၁။ မင်းရဲသီရိရာဇကျော်။ ၇ လုံး။ အမြင့်ဆုံး

၂။ မင်းရဲမင်းလှရာဇာ။ ၆ လုံး။ ၎င်းအောက်

၃။ မင်းရဲသီဟကျော်။ ၅ လုံး။ ၎င်းအောက်

၄။ မင်းရဲရာဇာ။ ၄ လုံး။ ၎င်းအောက်

အထက်တွင် ဖော်ပြခဲ့သော စာရင်းအရ မင်းသားများကို ဘွဲ့ပေးအပ်သည့်ထုံးစံကို နားလည်ပြီဖြစ်သည်။ မုံတိုင်ပင်ဆရာတော်အား ကျောင်းဆောက်ကိုးကွယ်ခဲ့သည့် သီပေါမင်းသား၏ ဘွဲ့တံဆိပ်သည် ပဋ္ဌာန်းရာသီစုကျမ်းအရ " သုသီရိမဟာဓမ္မရာဇာဖြစ်သည်။ ထိုဘွဲ့သည် အက္ခရာ ၉ လုံးပါသော ဘွဲ့ဖြစ်သည်။ ရှေးက မင်းသားများကိုပေးသောဘွဲ့အဆင့်အတန်းသုံးမျိုးတွင် ပထမအဆင့်တွင်ပါဝင်သော ဘွဲ့ဖြစ်သည်။ သီပေါမင်းသားရရှိခဲ့သော ဘွဲ့တံဆိပ်သည် ပထမအဆင့်လေးဆင့်တွင် ဒုတိယမြောက် အက္ခရာ ၉ လုံးပါဘွဲ့ဖြစ်သည်။ ထို့ကြောင့် သီပေါမင်းသားသည် မင်းသားများကိုပေးအပ်သည့် ဘွဲ့တံဆိပ်တွင် ဒုတိယအဆင့်မြင့်ဆုံးဘွဲ့တံဆိပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ သီပေါမင်းသား၏အထက်တွင် အက္ခရာ ၁၀ လုံးပါ "သီဟသူရမဟာဓမ္မရာဇာ"သာ ရှိတော့ပေသည်။

**ရမ်းဗြဲမင်းသား၊ သီပေါမင်းသား၊ ဗိုလ်မှူးမင်းသား**

ဤနေရာတွင် ထပ်မံ၍ရှင်းလင်းလိုသော အသုံးအနှုန်းများကို ဖော်ပြပါဦးမည်။ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်း၌ အင်းဝမြို့ ရတနာဘုံပျံပြာသာဒ်ကျောင်းကို တည်ဆောက်လှူဒါန်းသောသူမှာ "ရမ်းဗြဲမင်းသား၊ မောင်တော်၊ နှမတော်တို့က" ဟူ၍ သုံးနှုန်းရေးသားထားသည်။ ထိုကျမ်း၌ပင် အမရပူရမြို့ ဈေးချိုတိုက် တည်ဆောက်လှူဒါန်းသူများကိုလည်း "ရမ်းဗြဲမြို့စား၊ သီပေါမြို့စား၊ မင်းသား၊ မင်းသမီးတို့က " ဟူ၍သုံးနှုန်းထားပြန်သည်။ တစ်နေရာတွင်လည်း " ရမ်းဗြဲမြို့စား၊ သီပေါမြို့စား၊ ဗိုလ်မှူးမင်းသားတို့က" ဟူ၍ ရေးထားပြန်သည်။

မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ် ကျမ်းပြုစုသူ၏ အလိုအရ အင်းဝမြို့ပြာသာဒ်တိုက်၊ အမရပူရမြို့ဈေးချိုတိုက်တို့ကို တည်ဆောက်လှူဒါန်းခဲ့သူမှာ ရမ်းဗြဲမြို့စားတစ်ယောက်၊ သီပေါမြို့စားတစ်ယောက်၊ ဗိုလ်မှူးမင်းသားတစ်ယောက် ဟူ၍သုံးယောက်ဖြစ်ကြောင်း ယူဆလိုသည်။ သို့သော်သေချာစိစစ်ကြည့်သောအခါတွင် သုံးဦးမဟုတ်ပေ။ တစ်ဦးတည်းသာဖြစ်ကြောင်း ပေါ်ပေါက်လာပါသည်။

အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်စာရင်း၌ တွေ့ရသော သီပေါမင်းသားအကြောင်းတွင် သီပေါမင်းသားသည် မိုးနဲဗိုလ်မှူးဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။ ထို့ကြောင့် ဗိုလ်မှူးမင်းသားဆိုသည်မှာလည်း သီပေါမင်းသားပင်ဖြစ်သည်။ ရမ်းဗြဲမင်းသားအသုံးအနှုန်းနှင့် စပ်လျဉ်း၍ အနည်းငယ်စဉ်းစားရပေမည်။ ဆွေတော်စဉ်စာရင်း နှစ်ခုစလုံး၌ သီပေါမင်းသားသည် ရမ်းဗြဲမြို့ကို စားခဲ့ရကြောင်း ဖော်ပြမထားပေ။ သို့သော် ရမ်းဗြဲမြို့စားသည် တစ်ဦးတစ်ယောက်သက်သက်မဟုတ်ဘဲ သီပေါမြို့စားပင်ဖြစ်ဟန်ရှိသည်။

သီပေါမင်းသားသည် ရမ်းဗြဲမြို့စားဖြစ်ခဲ့ကြောင်းကို ခိုင်ခိုင်လုံလုံ မှတ်တမ်းမတွေ့ရသေးပေ။ သို့သော် ရမ်းဗြဲမင်းသားနှင့် သီပေါမင်းသားမှာ တစ်ဦးတစ်ယောက်စီမဟုတ်ဘဲ တစ်ဦးတည်းဟု ယာယီသတ်မှတ်ထားသင့်သည်။ သီပေါမင်းသားသည် နောင်တော် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ရမ်းဗြဲမြို့နှင့် သီပေါမြို့ကို စားခဲ့ရဟန်တူသည်။ သာယာဝတီမင်းလက်ထက်တွင် သီပေါမြို့ကိုထပ်မံစားရသည်။ထိုအကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ " ခမည်းတော်ဘုရား (ရခိုင်နိုင်အိမ်ရှေ့မင်းကို ညွှန်းသည်) သားတော်သီပေါမင်းသား သီရိသုမဟာဓမ္မရာဇာကိုလည်း သီပေါမြို့ကိုထပ်၍ မြို့စားပေးတော်မူသည်" ဟူ၍ဖော်ပြထားသည်။

နိဂုံးချုပ် သုံးသပ်ကြည့်မည်ဆိုလျှင် ဗိုလ်မှူးမင်းသားဆိုသည်မှာလည်း သီပေါမင်းသားဖြစ်ကြောင်း အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်စာရင်းအရ သိလာရပြီဖြစ်သည်။ အထောက်အထားမတွေ့ရသေးသည်မှာ ရမ်းဗြဲမင်းသားနှင့် သီပေါမင်းသား တူ၊ မတူဖြစ်သည်။ ကျွန်တော့်အယူအဆမှာ အတူတူပင်ဖြစ်ကြောင်း ယာယီလက်ခံထားလိုသည်။ ထိုကဲ့သို့ တူခြင်းကြောင့်သာ အင်းဝမြို့တွင်လည်း ရတနာဘုံပျံပြာသာဒ်တိုက်တည်ဆောက်လှူဒါန်းခဲ့ပြီး အမရပူရမြို့ရောက်သောအခါတွင်လည်း ဈေးချိုတိုက်ကို ထပ်မံတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်နိုင်သည်။ ရှေးက မိမိကိုးကွယ်သည့်ဆရာတော်ကို အစဉ်တစိုက်ဆက်လက်ကိုးကွယ်ခဲ့သည်မှာ ထုံးစံဖြစ်သည်။ ဥပမာဆိုရလျှင် အင်းဝမြို့၌ ဗားကရာဆရာတော်ကြီး သီတင်းသုံးရန် ဗားကရာကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သော အတွင်းဝန်နေမျိုးကျော်ထင်အမတ်ကြီးသည် အမရပူရမြို့သို့ ပြောင်းရွှေ့သောအခါတွင်လည်း သူ၏ဆရာတော်အတွက် အမရပူရမြို့အနောက်မျက်နှာတွင် ဗားကရာကျောင်းတိုက်ကြီးကို ထပ်မံတည်ဆောက်လှူဒါန်းခဲ့ပြန်သည်။

သီပေါမင်းသားသည်လည်း အင်းဝမြို့၌ ရတနာဘုံပျံပြာသာဒ်ကျောင်းကြီးကို တည်ဆောက်လှူဒါန်းခဲ့သကဲ့သို့ အမရပူရမြို့တွင်လည်း ဈေးချိုတိုက်ကို တည်ဆောက်လှူဒါန်းခဲ့သည်ဟု ယူဆရပါမည်။ သို့ဖြစ်သောကြောင့် ရမ်းဗြဲမင်းသား၊ ဗိုလ်မှူးမင်းသား၊ သီပေါမင်းသားဟု ခွဲခြား၍ရေးသားခေါ်ဝေါ်နေသော်လည်း အမှန်က သီပေါမင်းသားတစ်ဦးတည်းသာ ဖြစ်ကြောင်း မှတ်သားရမည်ဖြစ်သည်။

ရမ်းဗြဲမင်းသား၊ ဗိုလ်မှူးမင်းသား၊ သီပေါမင်းသားတို့မှာ အမည်သုံးမျိုးခွဲ၍ ခေါ်နေသော်လည်း တစ်ဦးတည်းသာဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ယခုဆက်၍တင်ပြလိုသည်မှာ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်း၌ ရေးသားထားသော " ရမ်းဗြဲမင်းသား မောင်တော် နှမတော်" အသုံးဖြစ်သည်။ ထိုနှမတော်ဟူသည် မည်သူဖြစ်သနည်းကို တင်ပြချင်ပါသည်။ မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်းပြုဆရာသည် " မောင်တော် နှမတော်" ဟူသော အမှတ်အသားကို မည်သည့်ကျမ်းကရကြောင်း ဖော်ပြမထားပေ။ ရှေးအမှတ်အသားတွေ့၍သာ ဖော်ပြထားခြင်းဖြစ်ဟန်တူသည်။ ထို မောင်တော် နှမတော်ဟူသည် သီပေါမင်းသား၏ မြောက်သားတော် သခင်အိဖြစ်သည်ဟု ယူဆရသည်။ ရှေးကမင်းမျိုး၊ မင်းနွယ်ဇနီးမောင်နှံကို မောင်တော်၊ နှမတော်ဟုသုံးသည့်ထုံးစံများရှိသည်။ ဘိုးတော်ဗဒုံမင်း၏ သားတော် ရခိုင်နိုင်အိမ်ရှေ့မင်းနှင့် သမီးတော် တောင်တွင်းကြီးမင်းသမီးတို့ကို စုံဖက်အိမ်ရှေ့နှင်းရာတွင် "သားတော်ကြီး ရွှေတောင်မြို့စားမင်းသားနှင့်တောင်နန်းမိဖုရားခေါင်သမီးတော် တောင်တွင်းကြီးမြို့စားမင်းသမီး၊ မောင်တော် နှမတော်တို့ကို စုံဖက်တော်မူပြီးလျှင် အိမ်ရှေ့နှင်းတော်မူသည်" ဟူ၍ သုံးနှုန်းထားသည်။ထို့ကြောင့် ရမ်းဗြဲမင်းသား မောင်တော် နှမတော်ဆိုသည်မှာ သီပေါမင်းသားမြောက်သားတော် သခင်အိကို ဆိုသည်ဟု ယူဆမိသည်။ သို့ဖြစ်သောကြောင့် မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်း၌ "မောင်တော်နှမတော်"ဟုသုံးထားခြင်းဖြစ်ပေသည်။ ထိုသို့ဆိုလျှင် မုံတိုင်ပင်ဆရာတော်ကြီးအား ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သူမှာ သီပေါမင်းသားတို့ ဇနီးမောင်နှံဖြစ်သည်ဟု ယူဆရပေသည်။

**❖မုံတိုင်ပင်ဆရာတော်အား ကျောင်းဆောက်ကိုးကွယ်ခဲ့သည့် သီပေါမင်းသား၏ဘွဲ့တံဆိပ်သည် ပဋ္ဌာန်းရာသီစုကျမ်းအရ "သုသီရိမဟာဓမ္မရာဇာဖြစ်သည်။ ထိုဘွဲ့သည် အက္ခရာ ၉ လုံးပါသောဘွဲ့ဖြစ်သည်။ ရှေးက မင်းသားများကို ပေးသောဘွဲ့အဆင့်အတန်းသုံးမျိုးတွင် ပထမအဆင့်တွင်ပါဝင်သောဘွဲ့ဖြစ်သည်။ သီပေါမင်းသားရရှိခဲ့သောဘွဲ့တံဆိပ်သည် ပထမအဆင့်လေးဆင့်တွင် ဒုတိယမြောက် အက္ခရာ ၉ လုံးပါဘွဲ့ဖြစ်သည်။ ထို့ကြောင့် သီပေါမင်းသားသည် မင်းသားများကိုပေးအပ်သည့် ဘွဲ့တံဆိပ်တွင် ဒုတိယအဆင့်မြင့်ဆုံး ဘွဲ့တံဆိပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။❖**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၅၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်းဧက ၄၅၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်း ပညာပေးခြင်းတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ကုန်းကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အလယ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၃၃ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

## အချစ်စစ်မပြယ် နှစ်ရှစ်ဆယ်

- တပ်မတော်သည် ကိုယ့်တိုင်းပြည်ကို
  ချစ်ကြည်လေးနက် ယုံကြည်ချက်ဖြင့်
  အသက်ကိုစတေး သွေးကိုပေးခဲ့
  သို့ပေးခဲ့ကြောင်း သွေးတို့ပေါင်းသော်
  သွေးချောင်းပင်လယ်ဝေလောက်ပြီ။

- တပ်မတော်သည် ကိုယ့်တိုင်းပြည်နှင့်
  ချစ်သည်မယား ဆွေမျိုးအားလည်း
  ထားခဲ့ခြားခဲ့ ခွဲခွာခဲ့၏
  ခွဲခဲ့သဖြင့် ငွေကြယ်ပွင့်တို့
  ကြွေလွင့်သည်မှန်း တရည်တမ်းသော်
  ကြယ်ပန်းသမုဒ္ဒရာတိုင်လိမ့်မည်။

- တပ်မတော်သည် ကိုယ့်တိုင်းပြည်ကို
  ခွန့်ရှည်စေရေး အစဉ်တွေးလျက်
  ဒို့အရေးသုံးပါး အလေးထားကာ
  စွန့်စားသက်နှင်း ရန်ကိုရှင်း၏
  သို့ရှင်းရာက ကြွေလွင့်ရလည်း
  ကြွေကျမဆန်း စွန့်နိုင်စွမ်းသည့်
  အလွမ်းတို့ဆင့် ပန်းတို့ပွင့်သော်
  ပန်းမြင့်မိုရ်တောင်မကပြီ။

- တပ်မတော်သည်
  ကိုယ့်တိုင်းပြည်အတွက် လိုအပ်ချက်ကြောင့်
  သွေးသက်မမှု ပြည်ကျိုးရှုလျက်
  ပြည်သူ့ရင်ကြား နှလုံးသားမှ
  ပေါက်ဖွားခဲ့ရ ဆန်းစစ်ကလျှင်
  "ဗမာ့လွတ်လပ်ရေးတပ်မတော်"
  "ဗမာ့ကာကွယ်ရေးတပ်မတော်"
  "မျိုးချစ်ဗမာ့တပ်မတော်"
  "ယနေ့ပြည်သူ့တပ်မတော်"။

- ဖြတ်ကျော်ကာလ ကြာမြင့်လှလည်း
  ရှေးကပန္နက် ယုံကြည်ချက်ကို
  မပျက်အမှန် ဦးထိပ်ပန်၏
  နိုင်ငံတော်အကျိုး ထမ်းသယ်ပိုးရင်း
  အမျိုးကိုချစ် တိုင်းပြည်ချစ်သည့်
  "အချစ်စစ်မပြယ် နှစ်ရှစ်ဆယ်"သို့
  ခုဝယ်ပြည့်မြောက် ဂုဏ်ယူလောက်သည်
  ထွန်းတောက်နေနှယ်ဝင်းသည်တကား။ ။

(နှစ် ရှစ်ဆယ်ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုလျက်)

**တက္ကသိုလ်ညိုမြင်းမောင်**

# နိုင်ငံတကာ သတင်းများ

## ပီရူးအထွေထွေရွေးကောက်ပွဲများ ၂၀၂၆ ခုနှစ် ဧပြီလတွင်ကျင်းပမည်

**လီမာ မတ် ၂၆**

ပီရူးနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ကျင်းပမည်ဖြစ်ကြောင်း ပီရူးသမ္မတ ဒီနာဘိုလော့တီက မတ် ၂၅ ရက်တွင် ကြေညာခဲ့သည်။

နှစ်အတန်ကြာ ရပ်ဆိုင်းခဲ့ရသည့် ပြည်တွင်းရေးမတည်ငြိမ်မှုများကို အဆုံးသတ်ရန်ကြိုးပမ်းမှုအဖြစ် အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်အစီအစဉ်ကို သမ္မတဘိုလော့တီက ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် ဧပြီလအတွင်း ကျင်းပမည့်အထွေထွေရွေးကောက်ပွဲများသည် သမ္မတသစ်တစ်ဦး၊ အောက်လွှတ်တော်အမတ် ဦးရေ ၁၃၀ နှင့်အထက်လွှတ်တော်အမတ် ဦးရေ ၆၀ တို့ကို ရွေးချယ်မည်ဖြစ်ကြောင်း သမ္မတဘိုလော့တီက မတ် ၂၅ ရက် ရုပ်သံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

လွှတ်တော်ကို ဖျက်သိမ်းရန်ကြိုးစားမှုဖြင့် ၂၀၂၂ ခုနှစ်တွင် သမ္မတပက်ဒရိုကတ်စတီလိုရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း၎င်း၏လက်ကျန်သမ္မတသက်တမ်းကို ဘိုလော့တီက အစားထိုးတာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒီနာဘိုလော့တီ၏ အဆိုပါသမ္မတသက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ထို့ပြင် သမ္မတဘိုလော့တီကိုယ်တိုင်မှာလည်း ပြည်တွင်းရေးမငြိမ်သက်မှုများကြောင့် ပြည်သူ့ထောက်ခံမှုနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## ပြင်သစ်လေတပ် သရုပ်ပြပျံသန်းရေးအဖွဲ့မှ ဂျက်လေယာဉ်နှစ်စင်း ဝေဟင်တွင်ဝင်တိုက်မိ

**ပဲရစ် မတ် ၂၆**

အယ်လ်ဖာအမည်ရှိ ပြင်သစ်လေတပ် သရုပ်ပြပျံသန်းရေးအဖွဲ့မှ ဂျက်လေယာဉ်နှစ်စင်းမှာ မတ် ၂၅ ရက်က ဝေဟင်တွင် ဝင်တိုက်မိခဲ့ကြကြောင်း သိရသည်။

အယ်လ်ဖာဂျက်လေယာဉ်နှစ်စင်း ဝေဟင်အတွင်း ဝင်တိုက်မှုသည် ပြင်သစ်နိုင်ငံအရှေ့မြောက်ပိုင်းလေတပ်စခန်းတစ်ခုအနီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်ချင်းဝင်တိုက်မိစဉ် ၎င်းလေယာဉ်နှစ်စင်းပေါ် လိုက်ပါလာသူ သုံးဦးတို့မှာ လေထီးဖြင့်ခုန်ထွက်လွတ်မြောက်ခဲ့ကြသော်လည်း သတိလစ်မေ့မြောခဲ့ကြရကြောင်း ပြင်သစ်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လေယာဉ်နှစ်စင်းအနက် တစ်စင်းမှာ စပါးကျီတစ်ခုပေါ်သို့ ပျက်ကျခဲ့မှုကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေယာဉ်နှစ်စင်းဝင်တိုက်ချိန် လေထီးဖြင့်ခုန်ထွက်ခဲ့သူ သုံးဦးအနက် တစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားထားသည်။

အလားတူ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းကလည်း ပြင်သစ်လေတပ်မှ ရာဖေးလ်အမျိုးအစားတိုက်လေယာဉ်နှစ်စင်း ဝေဟင်တွင် ဝင်တိုက်မိခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ချီလီနိုင်ငံ လွှတ်တော်ရှေ့၌ ရေလုပ်သား ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားခဲ့




**ဗယ်လ်ပါရိုင်ဆို မတ် ၂၆**

ချီလီနိုင်ငံ ဗယ်လ်ပါရိုင်ဆိုမြို့ရှိ ချီလီအမျိုးသားလွှတ်တော်ရှေ့၌ မတ် ၂၅ ရက်က ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့များကြား ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အငြင်းပွားရဖွယ် ငါးဖမ်းဆီးမှုဥပဒေတစ်ရပ် မဲခွဲအတည်ပြုမည့် အစီအစဉ်ကို ချီလီအထက်လွှတ်တော်ကော်မရှင်တစ်ရပ်က ဆိုင်းငံ့ထားပြီးနောက် ချီလီရေလုပ်သားရာပေါင်းများစွာတို့က ကွန်ဂရက်လွှတ်တော်အဆောက်အအုံရှေ့၌ စုဝေးဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ချီလီရေလုပ်သား ဆန္ဒပြသမားများကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးအမြောက်အမြားဖြင့် လူစုခွဲရန် ကြိုးပမ်းခဲ့ရာ ဆန္ဒပြသမားများကလည်း ပြန်လည်တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

ချီလီရေလုပ်သားများသည် အငြင်းပွားရဖွယ် ငါးဖမ်းဆီးမှုဥပဒေတစ်ရပ်ကို အထက်လွှတ်တော်ဘဏ္ဍာရေးကော်မတီက ဆွေးနွေးနေစဉ်မှာပင် လွှတ်တော်အဆောက်အအုံရှေ့၌ စုဝေး၍ ဆွေးနွေးပွဲရလဒ်များကို စောင့်ကြည့်ခဲ့ကြသည်။

အဆိုပါ ဥပဒေကြမ်းသည် လက်လုပ်လက်စား ရေလုပ်သားများထက် ငါးဖမ်းလုပ်ငန်းကြီးများကို မျက်နှာသာပေးထားကြောင်း ဆန္ဒပြသမားများက ပြောကြားထားသည်။

သို့ရာတွင် ယင်းဥပဒေကြမ်းကို ချီလီအထက်လွှတ်တော် ဘဏ္ဍာရေးကော်မရှင်က ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ချီလီမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ရုရှားရေတပ် ရေငုပ်သင်္ဘော ဂျပန်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်

**မော်စကို မတ် ၂၆**

ရုရှားရေတပ် ပစိဖိတ်ရေတပ်အုပ်စုမှ ရေငုပ်သင်္ဘောတစ်စီးသည် ဂျပန်ပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အူဖာအမည်ရှိ ရေငုပ်သင်္ဘောသည် ဂျပန်ပင်လယ်၌ စစ်ရေးလေ့ကျင့်မှုအတွင်း ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းပစ်မှတ်အတုများကို ကာလီဘာအမျိုးအစား ခရုစ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အူဖာရေငုပ်သင်္ဘောက ပစ်လွှတ်ခဲ့သော ကာလီဘာခရုစ်ဒုံးကျည်များသည် ပစ်မှတ်အားလုံးကို တိကျစွာ ထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အူဖာ ရေငုပ်သင်္ဘောသည် ကမ္ဘာပေါ်၌ စက်သံအတိုးတိတ်ဆုံး ရေငုပ်သင်္ဘောတစ်စီးအဖြစ် သတ်မှတ်ခံထားရသော ရေငုပ်သင်္ဘောဖြစ်သည်။

ရုရှားရေတပ်သည် အူဖာရေငုပ်သင်္ဘောကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စစ်ရေးလှုပ်ရှားမှုများအတွက် စတင်အသုံးပြုခဲ့သည်။

ကိုယ်ထည်အလျား ၇၄ မီတာရှိသော အူဖာရေငုပ်သင်္ဘောသည် အလေးချိန် တန် ၃၉၀၀ ကျော်ရှိပြီး ရေအနက် မီတာ ၃၀၀ ထိ ငုပ်ဆင်းလှုပ်ရှားနိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းလူမျိုးများက ဟားမတ်စ်အုပ်စုကို ဆန္ဒပြ

**ဂါဇာစီးတီး မတ် ၂၆**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းမှ ပါလက်စတိုင်းလူမျိုးများသည် မတ် ၂၅ ရက်တွင် ဟားမတ်စ်အုပ်စုကို ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့အကြား စစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပါလက်စတိုင်းလူမျိုးများက ဟားမတ်စ်အုပ်စုကို ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ဗီဒီယိုဖိုင်အထောက်အထားများအရ ဂါဇာမြောက်ပိုင်း ဟားမတ်စ်ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ ပါလက်စတိုင်းလူမျိုးအရေအတွက် ရာနှင့်ချီ ပါဝင်ခဲ့ကြသည်။



အဆိုပါဆန္ဒပြပွဲတွင် ဆန္ဒပြသမားများက ဟားမတ်စ်အုပ်စုကို အကြမ်းဖက်သမားများအဖြစ် ဝေဖန်၍ ဂါဇာကမ်းမြောင်မှ ထွက်သွားရန် တောင်းဆိုခဲ့ကြသည်။

၁၈ လကျော် ကြာမြင့်နေပြီဖြစ်သော ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုး ဦးရေ ၅၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဂါဇာဒေသတစ်ခုလုံး ပျက်စီးခဲ့ရသည်။

ဟားမတ်စ်အုပ်စုသည် ပါလက်စတိုင်းလူမျိုး ၂ ဒသမ ၁ သန်း နေထိုင်သော ဂါဇာကမ်းမြောင်ဒေသကို ၂၀၀၇ ခုနှစ်တွင် စတင်ထိန်းချုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နဂါးငွေ့တန်းကြယ်စုအတွင်းတည်ရှိနေသော ကြယ်ဖွဲ့တိမ်တိုက်သစ်တစ်ခုကို သိပ္ပံပညာရှင်များ တွေ့ရှိထား



**ဝါရှင်တန် မတ် ၂၆**

နဂါးငွေ့တန်းကြယ်စုအတွင်း တည်ရှိနေသောကြယ်ဖွဲ့တိမ်တိုက် သစ်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါကြယ်ဖွဲ့တိမ်တိုက်ကြီး (Molecular Cloud)၏ အရွယ်အစားမှာ အချင်းအားဖြင့် အလင်းနှစ် ၂၀၀ ခန့်ရှိပြီး ဒြပ်ထုအားဖြင့် နေအစင်းပေါင်း ၁၆၀၀၀၀ ၏ ဒြပ်ထုနှင့်ညီမျှကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်ဖွဲ့တိမ်တိုက်နယ်မြေကို ဂရင်းဟန့်စ်ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြယ်ဖွဲ့တိမ်တိုက်များသည် နဂါးငွေ့တန်းကြယ်စုကဲ့သို့ ကြယ်စုကြီးများ ဖွဲ့စည်းဖြစ်ပေါ်ပြီး နောက် ကျန်ရစ်သည့်ဓာတ်ငွေ့များ စုစည်းနေတတ်သော အာကာသနယ်မြေများဖြစ်ကြသည်။

အမေရိကန် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသည့် ကြယ်ဖွဲ့တိမ်တိုက်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၂၃၀၀၀ အကွာ၌ တည်ရှိကြောင်း၊ ကြယ်ဖွဲ့တိမ်တိုက်ကြီးများသည်ကြယ်သစ်များဖွဲ့စည်းဖြစ်ပေါ်နေတတ်သည့် နယ်မြေများဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘီဝိုင်ဒီလျှပ်စစ်ကားကုမ္ပဏီ၏ အားသွင်းစနစ်သစ်က မိုင် ၂၅၀ ခရီးစဉ်အတွက် ခြောက်မိနစ်မျှသာ အားသွင်းရန်လို

**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံ အခြေစိုက် ဘီဝိုင်ဒီ လျှပ်စစ်ကားကုမ္ပဏီ၏ အားသွင်းစနစ်သစ်သည် မိုင် ၂၅၀ ခရီးစဉ်အတွက် ခြောက်မိနစ်မျှသာ အားသွင်းရန်လိုကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

Super E-Platform အမည်ရှိ အထက်ပါ ကီလိုဝပ် ၁၀၀၀ အားသွင်းစနစ်သည် ပြိုင်ဘက် အမေရိကန်နိုင်ငံ အခြေစိုက် တက်စလာ လျှပ်စစ်ကားကုမ္ပဏီ၏ Tesla Supercharger အားသွင်းစနစ်ထက် နှစ်ဆပို၍ စွမ်းဆောင်ရည်မြင့်မားကြောင်း သိရသည်။

Super E-Platform အားသွင်းစနစ်သည် လျှပ်စစ်ကားတစ်စင်းကို အားဖြည့်သွင်းရာတွင် ဓာတ်ဆီကားတစ်စင်းကို ဓာတ်ဆီဖြည့်ပေးသလောက်သာ ကြာမြင့်ကြောင်း ဘီဝိုင်ဒီကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဘီဝိုင်ဒီကုမ္ပဏီသည် Super E-Platform အားသွင်းစနစ်ကို ယခုနှစ်အတွင်း စတင်ရောင်းချမည့် Han L ဆီဒင်အမျိုးအစားနှင့် Tang L Suv အမျိုးအစားကားများတွင် တပ်ဆင်ပေးထားကြောင်း ဘီဝိုင်ဒီကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



လျှပ်စစ်ဓာတ်အား စီးဝင်နေစဉ် ဘက်ထရီ၏အပူဓာတ်ကို လျှော့ချပေးနိုင်သည့် နည်းပညာထည့်သွင်းထားမှုကြောင့် Super E-Platform အားသွင်းစနစ်အနေဖြင့် လျှပ်စစ်ကားတစ်စင်းကို ခြောက်မိနစ်ခန့်ဖြင့် အားသွင်းပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

Super E-Platform အားသွင်းစနစ်ကြောင့် ဘီဝိုင်ဒီကုမ္ပဏီသည် တက်စလာကုမ္ပဏီကို ကျော်ဖြတ်၍ ရောင်းအားအကောင်းဆုံး လျှပ်စစ်ကားကုမ္ပဏီ ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နယူးဆောက်ဝေးပြည်နယ် ဂူလ်ဂေါင်းဒေသ၌ နှစ်ပေါင်း ၁၅ သန်းရှိ ရေချိုငါးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

**ကင်ဘာရာ မတ် ၂၆**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဂူလ်ဂေါင်းဒေသ၌ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၅ သန်းရှိ ရေချိုငါးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တူးဖော် တွေ့ရှိထားကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

Ferruaspis brocksi ဟူ၍ အမည်ပေးထားသည့် အဆိုပါ ရေချိုငါးသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းမှာ ရုပ်လုံးမပျက် ကျန်ရှိနေဆဲဖြစ်ကြောင်း သြစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ferruaspis brocksi ငါးသတ္တဝါကျောက်ဖြစ်ရုပ်ကြွင်း၌ အစာအိမ်နှင့် အစာအိမ်အတွင်းရှိ ကျန်ရစ်ပစ္စည်းများကိုပင် တွေ့မြင်နိုင်ကြောင်း သြစတြေးလျသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် Ferruaspis brocksi ငါးကျောက်ဖြစ်ရုပ်ကြွင်း၌ မူလအရောင်အသွေးကိုပင် တွေ့မြင်နိုင်ဆဲဖြစ်သည်ဟု သြစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

Ferruaspis brocksi ငါးများသည် Usmeriformes ခေါ် ရေချိုငါးမျိုးရင်းဝင် ငါးများဖြစ်ကြပြီး လွန်ခဲ့သော နှစ်ပေါင်း ၁၁ သန်းနှင့် ၁၅ သန်းကြား ပိုင်အိုစင်းဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့်ငါးများဖြစ်ကြောင်း သိရသည်။

Ferruaspis brocksi ကျောက်ဖြစ်ရုပ်ကြွင်း၏ အစာအိမ်ထဲတွင် ၎င်းနောက်ဆုံးစားသောက်ခဲ့သော Phantom Midge ခေါ် ပိုးကောင်များကိုပင် တွေ့ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဥရောပနှင့်အာရှမြောက်ပိုင်းတို့မှ ကလေးများကြား တီဘီရောဂါဖြစ်ပွားနှုန်း နှစ်စဉ်မြင့်တက်လာ

**ဂျီနီဗာ မတ် ၂၆**

ကမ္ဘာ့ကြောက်မက်ဖွယ်အကောင်းဆုံး ကူးစက်ရောဂါဖြစ်သည့် အဆုတ်နာရောဂါ(တီဘီ) ကူးစက်ဖြစ်ပွားနှုန်းမှာ ဥရောပနှင့် အာရှမြောက်ပိုင်းတို့မှ ကလေးများကြား နှစ်စဉ်မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ မတ် ၂၅ ရက် သတင်းများအရ သိရသည်။

WHO ၏အဆိုအရ ဥရောပနှင့် အာရှမြောက်ပိုင်းရှိ ကလေးများကြား တီဘီရောဂါကူးစက်ဖြစ်ပွားနှုန်းမှာ နှစ်စဉ် ၁၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဥရောပတစ်လွှား၌ တီဘီရောဂါကူးစက်ဖြစ်ပွားသူ သို့မဟုတ် ရောဂါတစ်ကျော့ပြန်ပေါ်လာသူ ဦးရေ ၁၇၂၀၀၀ ကျော်ရှိပြီး အသက် ၁၅ နှစ်အောက်ကလေးလူနာ ဦးရေ ၇၅၀၀ ခန့် ပါဝင်လျက်ရှိသည်။

သို့ဖြစ်ရာ ဥရောပဒေသကြီး၌ ၂၀၂၃ ခုနှစ်အတွင်း ကလေးများကြား တီဘီရောဂါဖြစ်ပွားနှုန်းမှာ ၂၀၂၂ ခုနှစ်ကထက် ၉ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာသည့်သဘောဖြစ်ကြောင်း WHO ကြေညာချက်၌ ဖော်ပြထားသည်။

တီဘီရောဂါသည် ဗက်တီးရီးယားကူးစက်မှုကြောင့် ဖြစ်ပွားတတ်ပြီး အဓိကအားဖြင့် အဆုတ်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စတာတင်ဆေးကို Ezetimibe ဆေးနှင့် တွဲသုံးပါက လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၂၆**

စတာတင်(Statin) ဆေးကို Ezetimibe ကိုလက်စထရောခြေဖျက်ရေး ဆေးတစ်မျိုးနှင့် တွဲသုံးပါက လူထောင်ပေါင်းများစွာ၏အသက်ကို ကယ်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မတ် ၂၅ ရက်တွင် ပြောကြားသည်။

သွေးကြောပိတ်ဆို့နေသော လူနာများကို စတာတင်ဆေးနှင့် Ezetimibe ကိုလက်စထရောခြေဖျက်ရေးဆေး တွဲ၍ကုသပေးပါက ကိုလက်စထရောပါဝင်မှုကို အထိရောက်ဆုံး လျှော့ချပေးနိုင်ကြောင်း သိရသည်။

စတာတင်နှင့် Ezetimibeဆေး နှစ်မျိုးပေါင်းကုထုံးသည် နှလုံးရုတ်တရက်ဖောက်ဖူးသူ လူနာများအတွက် စံပြုကုထုံးဖြစ်လာနိုင်ပြီး လူထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးဖောက်နိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေအလွန်မြင့်မားသူ၊ အဆိုပါပြဿနာနှစ်မျိုးစလုံး ခံစားခဲ့ရဖူးသူ ၁၁၈၃၅၃ ဦး ပါဝင်ခဲ့သည့် လေ့လာချက်များမှ ရရှိသော အချက်အလက်များကို ပြန်လည်ဆန်းစစ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စတာတင်နှင့် Ezetimibe ကို တွဲ၍သုံးစွဲသူ လူနာများ၌ နှလုံးကျန်းမာရေးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေပုံမှန်ထက် ၁၉ ရာခိုင်နှုန်းနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြဖလစ်ကို လာမည့်နွေရာသီတွင် စာချုပ်သက်တမ်းတိုးမည်ဟု ဘာစီလိုနာအသင်းထုတ်ပြန်

ဘာစီလိုနာ မတ် ၂၆

ဘာစီလိုနာ အသင်းသည် လာမည့် ၂၀၂၇ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြဖလစ်ကို သက်တမ်းမကုန်ဆုံးမီ ၁၂ လအလိုတွင် စာချုပ်သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် နည်းပြဖလစ်တို့ကြား သက်တမ်းတိုးကိစ္စအတွက် တစ်စုံတစ်ရာပြဿနာမရှိဘဲ နည်းပြဖလစ်ကလည်း အသင်းနှင့် ဆက်လက် လက်တွဲရန် ဆန္ဒရှိနေသောကြောင့် လာမည့်နွေရာသီတွင် တရားဝင်လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်း အနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြဖလစ်ကို နှစ်နှစ်စာချုပ်အတွက် ယူရို ၃ ဒသမ ၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းအနေဖြင့် ချန်ပီယံလိဂ် ရယူပေးနိုင်ပါက အပိုဆုကြေး ယူရိုတစ်သန်း ထပ်မံရရှိမည်ဖြစ်သည်။

နည်းပြဖလစ်အနေဖြင့် ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၇ ပွဲကစားအပြီးတွင် ရမှတ် ၆၀ ရယူ၍ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့်အပြင် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိနေသောကြောင့် ဖလားသုံးလုံး လမ်းကြောင်းပေါ်တွင် ရှိနေသည့်အတွက် ဘာစီလိုနာအသင်း တာဝန်ရှိသူများက ၎င်းကို သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဖလစ်သည် နည်းပြသက်တမ်း တစ်လျှောက်တွင် ဟော်ဖန်ဟိမ်းအသင်းနှင့် အတူ ဆုဖလားလေးကြိမ်၊ ဂျာမနီအသင်းနှင့်အတူ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလား၊ စူပါဖလား၊ အမှတ်ပေးဖလားနှင့် ပိုကယ်ဖလားတို့ ရရှိခဲ့ပြီး ဘာစီလိုနာအသင်းနှင့်အတူ စူပါဖလားတစ်ကြိမ် ရယူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံးနည်းပြဆုကိုလည်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ သုံးစွဲသွားမည်ဖြစ်ကြောင်း ယခုလအစောပိုင်းက ထုတ်ပြန်ကြေညာခဲ့ပြီး ချန်ပီယံဆုရရှိမည့် နိုင်ငံအသင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းထိ ရရှိမည်ဖြစ်ကြောင်း သိရသည်။
- ရိန်းဂျားအသင်းနည်းပြ ရော်ဂျာကို ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပြိုင်ပွဲကို ကြန့်ကြာမှုဖြစ်အောင် လုပ်ဆောင်မှုကြောင့် ယူအီးအက်ဖ်အေက ဒဏ်ငွေ ယူရို ၃၀၀၀၀ နှင့် ဥရောပပွဲ တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ရောင်းချဖွယ်ရှိသည့် ရှိမဲရိုးကို အေတီကိုအသင်းက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်းသိရသည်။
- မန်ယူအသင်းက ချဲလ်ဆီးအသင်းထံ အငှားချထားသည့် တောင်ပံကစားသမား ဆန်ချိုက အသင်းဟောင်း ဒေါ့မွန်သို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ML

# တောင်အမေရိကဇုန်မှ အာဂျင်တီးနားအသင်း ပြိုင်ပွဲမပြီးဆုံးမီ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်



ဗျူနိုအေရိစ် မတ် ၂၆

၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ဘရာဇီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား အသင်းသည် ဘရာဇီးအသင်းကို နိုင်ပွဲရခဲ့ပြီးနောက် ၁၄ ပွဲ ကစားအပြီးတွင် ရမှတ် ၃၁ မှတ် ရရှိခဲ့ပြီးနောက် အဆင့်(၈)နေရာတွင် ရမှတ် ၁၄ မှတ်ဖြင့် ရရှိထားသည့် ဘိုလီဗီးယားအသင်းက ဥရုဂွေးအသင်းကို ဂိုးမရှိသရေ ကစားနိုင်ခဲ့သဖြင့် အာဂျင်တီးနားအသင်းနှင့် ရမှတ် ၁၇ မှတ်ထိ ကွာဟနေသောကြောင့် ပြိုင်ပွဲမပြီးဆုံးမီ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ခြေစစ်ပွဲ ၁၄ ပွဲ ကစားအပြီးတွင် အာဂျင်တီးနားအသင်းက ရမှတ် ၃၁ မှတ်ရရှိခဲ့ပြီး ဒုတိယနေရာမှာ အီကွေဒေါအသင်းကို ခြောက်မှတ်ဖြတ်တောက်နိုင်ခဲ့ပြီး လက်ကျန်ပွဲ လေးပွဲကျန်ရှိနေသော်လည်း အဆင့်(၆)ပြင်ပ ရောက်ရှိရန် မဖြစ်နိုင်တော့ဘဲ တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား အသင်းသည် ဘရာဇီးအသင်းနှင့် ပွဲစဉ်တွင် အိမ်ရှင်အားသာချက်ဖြင့် ကစားခဲ့ရသဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုအသာတို့ဖြင့် ကစားနိုင်ခဲ့သောကြောင့် ပွဲချိန် လေးမိနစ်၊ ပွဲချိန် ၁၂ မိနစ်၊ ပွဲချိန် ၃၇ မိနစ်နှင့် ပွဲချိန် ၇၁ မိနစ်တို့တွင် ဦးဆောင်ဂိုးများရရှိခဲ့ပြီး ဘရာဇီးအသင်းက ပွဲချိန် ၂၆ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းထိ တိုးမြှင့်ထားသောကြောင့် တောင်အမေရိကဇုန်မှ ကလပ်အသင်း ခြောက်သင်း တိုက်ရိုက်ဝင်ခွင့်ရမည်ဖြစ်ပြီး အဆင့်(၇)မှ အသင်းအနေဖြင့် play-off ကစား၍ ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဥဇဘက်ကစ္စတန်ကို သရေကစားနိုင်ခဲ့သည့် အီရန်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်

တီအီရန် မတ် ၂၆

အာရှဇုန် ကမ္ဘာ့လားခြေစစ်ပွဲ အုပ်စု (A) ပွဲစဉ်အဖြစ် အီရန်အသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

အီရန်အသင်းသည် အုပ်စု(A)တွင် ဥဇဘတ်ကစ္စတန်အသင်း၊ ယူအေအီးအသင်း၊ ကာတာအသင်း၊ ကာဇက်စတန်အသင်းနှင့် မြောက်ကိုရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကစားခဲ့ရသော်လည်း ရှစ်ပွဲကစားအပြီးတွင် ရမှတ် ၂၀ ထိ ရယူနိုင်ခဲ့ပြီး အဆင့်(၂)မှ ဥဇဘက်ကစ္စတန် အသင်းကို ရမှတ်သုံးမှတ် ဖြတ်တောက်နိုင်ခဲ့သည့်အပြင် အဆင့်(၃)မှ ယူအေအီးအသင်းကိုလည်း ရမှတ် ခုနစ်မှတ် ထိ ဖြတ်တောက်နိုင်ခဲ့သည်။

လက်ရှိ ခြေစစ်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် အုပ်စုပထမနှင့် ဒုတိယနေရာမှ အသင်းနှစ်သင်းသာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သောကြောင့် တတိယနေရာမှ ယူအေအီးအသင်းကို ရမှတ်ခုနစ်မှတ် ဖြတ်တောက်ခဲ့သည့် အီရန်အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။



အုပ်စု(A) ပွဲစဉ်(၈) ကစားအပြီးတွင် အဆင့်(၃)မှ ယူအေအီးအသင်းက မြောက်ကိုရီးယားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယနေရာမှ ဥဇဘက်ကစ္စတန် အသင်းနှင့် ရမှတ်လေးမှတ်သာ ကွာဟ၍ တိုက်ရိုက်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်ရှိနေသော်လည်း အဆင့်(၄)မှ ကာတာအသင်းက အဆင့်(၅)မှ ကာဇက်စတန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ ပြီးဆုံးရန် နှစ်ပွဲကျန်ရှိနေချိန်တွင် အာရှဇုန်မှ ဂျပန်အသင်းနှင့် အီရန်အသင်းတို့သာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဆာဘာလင်ကာနှင့် ပါအိုလီနီတို့က မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်ရောက်

ဖလော်ရီဒါ မတ် ၂၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် မိုင်ယာမီ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အီတလီတင်းနစ်မယ် ပါအိုလီနီက ပိုလန်တင်းနစ်မယ် လင်နက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။



ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာသည် ပုံစံကောင်းရနေသည့် ကျန်ကွင်းဝမ်အား ပထမပွဲငယ်တွင် ဖိအားပေးနိုင်ခဲ့ပြီး ဒုတိယပွဲငယ်တွင် tie-break အဆင့်အထိ ကစားခဲ့ရပြီး (၆-၂၊ ၇-၅)ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာက "ကျန်ကွင်းဝမ်နဲ့ကစားတိုင်း အမြဲတမ်းခက်ခဲလေ့ရှိပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်တွေက အရင်တုန်းက ထက်တောင်ပိုပြီးတော့ တိုးတက်လာခဲ့တယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပေမဲ့လည်း ဒုတိယပွဲငယ်မှာ တော်တော်လေးကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရတယ်။ ကျွန်မတို့နှစ်ယောက်စလုံး အကောင်းဆုံး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သလို နှစ်ယောက်စလုံးရဲ့ စွမ်းဆောင်ရည်တွေကလည်း အဆင့်တစ်ခုထိ ရောက်နေတယ်လို့ခံစားမိပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့လည်း ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

အခြားသော ပွဲစဉ်ဖြစ်သည့် ပါအိုလီနီနှင့် လင်နက်တို့ပွဲစဉ်တွင် ပါအိုလီနီက (၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်တွင် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# TGL's SoFi Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုဖလားကို Atlanta Drive GC အသင်း ဆွတ်ခူး



ဖလော်ရီဒါ မတ် ၂၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဆိုဖီခန်းမတွင် ကျင်းပခဲ့သောTGL's SoFi Cup အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် Atlanta Drive GC အသင်းကYoung of New York Golf Club အသင်းကို အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

TGL's SoFi Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်တွင် စတင်ကျင်းပသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ကာ Indoor အတွင်း ကျင်းပသည့်ပြိုင်ပွဲတစ်ရပ် ဖြစ်သည့်အပြင် နည်းပညာ အထောက်အကူဖြင့် ယှဉ်ပြိုင်ကစားရခြင်း ဖြစ်ပြီး ဂေါက်သီးရိုက်လောက၏ နာမည်ကြီးကစားသမား အားလုံးနီးပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဗိုလ်စွဲခဲ့သည့် Atlanta Drive GC အသင်းတွင် ဂျက်စတင်သောမတ်စ်၊ ဟော့စချယ်၊ ပက်ထရစ်ကန်တလေတို့ ပါဝင်ခဲ့ပြီး Young of New York Golf Club အသင်းတွင် ရှောင်ဖီလီ၊ ရီကီဖောင်လာနှင့် ကင်မရွန်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်စွဲသည့်အသင်းမှာ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ကိုးသန်းထိ ခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

Atlanta Drive GC အသင်းသည် အစောပိုင်း Session များတွင် Young of New York Golf Clubအသင်း၏ဦးဆောင်မှုကြောင့် ဖိအားရှိခဲ့သော်လည်း နောက်မှလိုက်ကစားခဲ့ကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုအား ဆွတ်ခူးရရှိသွားခဲ့သော Atlanta Drive GC အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သော ဟော့စချယ်က “ဂေါက်သီးရိုက်လောကမှာ ပထမဆုံးသော Indoor Game အမျိုးအစားဖြစ်ပြီးတော့ အရမ်းပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ နည်းပညာအထောက်အကူပြုပြိုင်ပွဲမျိုးဖြစ်ပြီး ပုံမှန်ပြိုင်ပွဲတွေအတွက် လေ့ကျင့်ပြီးသားလည်းဖြစ်ပါတယ်။ ကစားရတာတော့ နည်းနည်းလေးခက်တယ်။ စိန်ခေါ်မှုတွေရှိတယ်။ ကျွန်တော်ကတော့ ဒီလိုစိန်ခေါ်မှုရှိတဲ့ ပြိုင်ပွဲကို သဘောကျပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# Tun Tauk Myanmar U-19 Futsal Cup Mandalay 2025 ပြိုင်ပွဲ Manager Meeting နှင့် အုပ်စုမဲခွဲပွဲ ကျင်းပ

မန္တလေး မတ် ၂၆

Tun Tauk Myanmar U–19 Futsal Cup Mandalay 2025 ပြိုင်ပွဲ Manager Meeting နှင့် အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက M2K Sports Complex ရှိ ကော်မတီရုံးခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇောနည်ကိုနှင့် ကော်မတီဝင်များ၊ နည်းပြအဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားပထမပိုင်းကို ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇောနည်ကိုက ပြိုင်ပွဲနှင့် ပတ်သက်၍အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးစောထွန်းမောင်နှင့် ဒိုင်လူကြီး ဦးမောင်မောင်စိုးတို့က ပြိုင်ပွဲနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကော်မတီတာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့ကြကာ အခမ်းအနား ဒုတိယပိုင်းအဖြစ် အုပ်စုမဲခွဲမှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

Tun Tauk Myanmar U–19 Futsal Cup Mandalay 2025 ပြိုင်ပွဲကို Tun Tauk Myanmar Compay Limited က အဓိကကူညီပံ့ပိုးပေးထားပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် မတ် ၂၈ ရက်မှ ဧပြီ ၆ ရက်ထိ မန္တလေးမြို့ရှိ Mandalar Thiri Multi–purpose Stadium တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ ဗိုလ်လုပွဲသို့ YRFA အသင်းနှင့် Young Boy အသင်းတို့ တက်ရောက်



ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ YRFA အသင်းနှင့် Young Boy အသင်းတို့ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် Young Boy အသင်းနှင့် 10/Mon အသင်းတို့ကစားခဲ့ရာ Young Boy အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Young Boy အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် အောင်သက်ဆန်း၊ ပွဲချိန် ၃၃ မိနစ်တွင် ပြည့်အောင်သိန်း၊ ပွဲချိန် ၇၄ မိနစ်တွင် ကျော်ပြည့်စုံတို့က သွင်းယူပေးနိုင်ခဲ့ပြီး 10/Mon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် လွင်ကိုနိုင်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်၍ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် YRFA အသင်း နှင့် Zan United အသင်းတို့ ကစားခဲ့ရာ YRFA အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် စိုင်းဇေယျာကျော်က YRFA အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်တွင် အောင်ဝင်းခန့်က Zan United အသင်းအတွက် ချေပဂိုး ပြန်လည် သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင် ပွဲချိန် ၁၂၂ မိနစ်တွင် သက်ပိုင်စိုးက Zan United အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် Zan Unitedအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# အယ်ဖွန်ဆိုဒေးဗစ် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်

ဘာလင် မတ် ၂၆

ဘိုင်ယန်မြူးနစ် အသင်း အဓိက တောင်ပံခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်သည် နိုင်ငံတကာပွဲစဉ်များအတွက် ကနေဒါအသင်းနှင့် သွားရောက်ပူးပေါင်းစဉ် ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ရရှိခဲ့သည့်အတွက် ယခုနှစ် ဘောလုံးရာသီကုန်ထိ အနားယူသွားရမည်ဖြစ်ကြောင်း သိရသည်။

ကွန်ကာကပ်ဖ် နေရှင်းလိဂ်ဖလားပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ်ကစားခဲ့သည့် အမေရိကန်အသင်းနှင့် ကနေဒါအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အယ်ဖွန်ဆိုဒေးဗစ်အနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ပြီးနောက် အသေးစိတ် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာ ဒူးအရွတ်စုတ်ပြဲဒဏ်ရာမှာ ပြင်းထန်သည့်အတွက် ကာလရှည် အနားယူရမည်ဖြစ်သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ လက်ကျန်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

အယ်ဖွန်ဆိုဒေးဗစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံခံစစ်နေရာတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက် ရှိနေသည့်အတွက် လက်ကျန်ပွဲစဉ်များအားလုံးကို လွဲချော်ရမည်ဖြစ်သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံခံစစ်နေရာအတွက် ထိုးနှက်ချက်များ ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA



# WBO ဂျူနီယာလိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် နာဗာရက်တီက ဆွာရက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

မက္ကဆီကိုစီးတီး မတ် ၂၆

WBO ဂျူနီယာလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီသည် စိန်ခေါ်သူ ဖိလစ်ပိုင်လက်ဝှေ့သမား ဆွာရက်ဇ်နှင့် ထိုးသတ်သွားရန် သဘောတူညီချက် ရရှိပြီဟု ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာဗာရက်တီသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၄၂ ပွဲထိုးသတ်ကာ နိုင်ပွဲ ၃၉ ပွဲရရှိထားပြီး ရှုံးပွဲ နှစ်ပွဲနှင့် သရေပွဲ တစ်ပွဲရရှိထားပြီး ဆွာရက်ဇ်မှာ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၁၈ ပွဲ ထိုးသတ်ထားကာ ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ဆွာရက်ဇ်က “စိန်ခေါ်ပွဲကို မေလ ၂၅ ရက်နေ့ ဆန်ဒီယေဂိုမြို့မှာ ထိုးသတ်သွားမယ်။ ဆန်ဒီယေဂိုဟာ ကျွန်တော်နှစ်သက်တဲ့မြို့ဖြစ်ပါတယ်။ လက်ရှိချန်ပီယံဖြစ်တဲ့ နာဗာရက်တီဟာ မက္ကဆီကိုလက်ဝှေ့လောကရဲ့ အကောင်းဆုံးတွေထဲက တစ်ယောက်ပါ”ဟု ပြောကြားခဲ့သည်။

Top Rank Promotion ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဘော့ဘ်အာရမ်က “ဆွာရက်ဇ်ဟာ နာဗာရက်တီနဲ့ ထိုးသတ်သွားဖို့အတွက် ဆန္ဒပြင်းပြနေပါတယ်။ ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်သလို ချန်ပီယံကိုစိန်ခေါ်ခွင့်ရထားတဲ့ ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားတစ်ယောက်ဖြစ်ပါတယ်။ ဖိလစ်ပိုင် ပရိသတ်တွေအားလုံးက ဆွာရက်ဇ်ကို တစ်ခဲနက်အားပေးသွားကြပါလိမ့်မယ်။ ဒီစိန်ခေါ်ပွဲဟာ နှစ်ယောက်စလုံးအတွက် အရေးကြီးသလို ပရိသတ်တွေအတွက်လည်း စိတ်လှုပ်ရှားစရာကောင်းတဲ့ စိန်ခေါ်ပွဲဖြစ်လာပါလိမ့်မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# နိုင်ငံနှင့်ပြည်သူအကျိုး အမြဲသယ်ပိုးနေသော တပ်မတော်

မန္တလာကိုကိုဝင်း

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာပြီး ယနေ့တိုင် မြန်မာ့လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးလုံးတွင် တပ်မတော်သည်နိုင်ငံတော်အတွက် အမြဲထာဝရတည်ရှိနေမည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများကို ပြည်သူလူထုနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပြီးမြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်မှုတွင် အဓိကအနေအထားမှ ပါဝင်ခဲ့သည်။ ထို့ကြောင့် တပ်မတော်၏သမိုင်းမှာ နိုင်ငံတော်၏ သမိုင်းနှင့်ခွဲခြား၍ရနိုင်မည်မဟုတ်ပေ။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည့် ကာလ တစ်လျှောက်တွင်လည်း ပြည်တွင်းလက်နက်ကိုင်အဖွဲ့များ အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုထိပါးလာသည့် အခါတိုင်း တပ်မတော်သည်မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တပ်မတော်အနေဖြင့် စဉ်ဆက်မပြတ်ထမ်းဆောင်နေရသည့်တာဝန်မှာ ဒွိတာဝန်အရေးသုံးပါးဖြစ်သည်။ ဒွိတာဝန်အရေးသုံးပါးကို တပ်မတော်သားတို့၏ အမျိုးသားနိုင်ငံရေးတာဝန်အဖြစ်သတ်မှတ်ကာ ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သောနိုင်ငံတော်အဖြစ် ထည်ဝါခံ့ညားစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကို ပြန်ပြောင်းလေ့လာသည့်အခါ တပ်မတော်မရှိသောအချိန်အခါကာလနှင့် တပ်မတော်တစ်ရပ်အဖြစ်ပေါ်ထွန်းလာသည့်အချိန်ကာလများသည် လွန်စွာကွာခြားလှသည်။ သူ့ကျွန်အဖြစ် နေခဲ့ရစဉ် တပ်မတော်တစ်ရပ်အဖြစ်ပေါ်ထွန်းလာအောင် ကြိုးပမ်းခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့စွမ်းဆောင်မှုသည် မြန်မာ့သမိုင်းတွင် ထူးခြားစွာမော်ကွန်းတင်ထားရသည့် သမိုင်းကောင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းခဲ့သောဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)သည် နိုင်ငံနှင့်ပတ်သက်လာလျှင် နိုင်ငံ့အကျိုးကိုသာဦးထိပ်ထားဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှမောင်းထုတ်နိုင်ခဲ့သည်။ မြန်မာတို့ကို တပ်မတော်တစ်ရပ်ဖြစ်အောင် ကူညီပေးခဲ့သည့် ဂျပန်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ဖက်ဆစ်စနစ်ကို ကျင့်သုံးကာ ရက်စက်စွာဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ ထိုအခါ တပ်မတော်သည် နိုင်ငံအတွက် ပြတ်ပြတ်သားသားဆုံးဖြတ်လုပ်ဆောင်ခဲ့ရပြန်သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် မြန်မာတစ်နိုင်ငံလုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခဲ့ရပြန်သည်။ ထိုနေ့သည် နိုင်ငံနှင့်တပ်မတော်အတွက် ထူးခြားစွာမော်ကွန်းတင်ထားရမည့်နေ့ဖြစ်ခဲ့သည်။

တပ်မတော်သည် မည်သူ၏အုပ်ချုပ်မှုအောက်တွင်ရှိမနေတော့ဘဲ မြန်မာတို့၏ကိုယ်ပိုင်တပ်မတော်အဖြစ်ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် နှစ်စဉ် မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ကာ ဂုဏ်ပြုခဲ့သည်။ တပ်မတော်နေ့ဆိုသည် မြန်မာအဘိဓာန်၌ "တပ်မတော်နှင့်ပြည်သူလက်တွဲကာ ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့သော ၁၉၄၅ ခု မတ် ၂၇ ရက်ကိုအထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော နေ့"ဟုဖွင့်ဆိုထားသည်။ တပ်မတော်သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည် သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းများဖြင့်ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည့်အပြင် နိုင်ငံတော်တွင် အခက်အခဲနှင့်ကြုံလာတိုင်း တပ်မတော်က အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ရန် ရည်ရွယ်ထားသော်လည်း လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်သောင်းကျန်းသူတို့ ပေါ်ပေါက်လာခဲ့သည်။ တပ်မတော်အနေဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို နှိမ်နင်းနေစဉ်မှာပင် တရုတ်ဖြူ(ကူမင်တန်)နှင့် မူဂျာဟစ်ကုလားဆိုးသောင်းကျန်းမှု စသည့်ပြည်ပကျူးကျော်မှုများကို နှိမ်နင်းခဲ့ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည့်အခါ ပါလီမန်ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့သည်။ ထိုစနစ်ကို ကျင့်သုံးရန်အတွက် ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ပြီး ပထမဆုံးကျင်းပသော လွှတ်တော်တွင်အတည်ပြုခဲ့သည်။

**❖တပ်မတော်နေ့ဆိုသည် မြန်မာအဘိဓာန်၌ "တပ်မတော်နှင့်ပြည်သူလက်တွဲကာ ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့သော ၁၉၄၅ ခု မတ် ၂၇ ရက်ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သောနေ့" ဟု ဖွင့်ဆိုထားသည်။ တပ်မတော်သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည် သုံးရပ်ပြည့်စုံမှုဟူသော အခြေခံအရည်အချင်းများဖြင့်ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည့်အပြင် နိုင်ငံတော်တွင် အခက်အခဲနှင့်ကြုံလာတိုင်း တပ်မတော်က အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။❖**

ပါလီမန်ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲကျင်းပသည့်အခါ ဖဆပလအဖွဲ့ကအနိုင်ရကာ အစိုးရဖွဲ့နိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအာဏာရပါတီအတွင်း သဘောထားကွဲလွဲကာ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ်တာဝန်ယူကာ နိုင်ငံတော်ကိုဦးဆောင်ပေးရန် ကမ်းလှမ်းခဲ့သည်။ ထိုသို့ကမ်းလှမ်းခဲ့သည့်အတွက် ၁၉၅၈ ခုနှစ် တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် နိုင်ငံတော်ကို ဦးဆောင်ထိန်းသိမ်းခဲ့ကြရသည်။

အိမ်စောင့်အစိုးရအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနှင့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပပေးရေး စသည့်နိုင်ငံတော်၏ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ ရန်ကုန်မြို့တော်တွင် လူနေထူထပ်ပြီး ကျန်းမာရေးထိခိုက်လောက်သည့် အခြေအနေထိ ဆိုးရွားလွန်းလှသည့်အတွက် အိမ်စောင့်အစိုးရအနေဖြင့် သာကေတ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ စသည့်မြို့သစ်များတည်ဆောက်ပေးခြင်း၊ မြန်မာနှင့် တရုတ်နယ်ခြားသတ်မှတ်ပေးခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးပြီး ၁၉၆၀ ပြည့်နှစ်တွင် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်အာဏာများလွှဲပြောင်းပေးခဲ့သည်။

ထိုစဉ်က အာဏာရပါတီဖြစ်သည့် ဖဆပလသည် တည်မြဲနှင့်သန့်ရှင်းဟူ၍ နှစ်ခြမ်းကွဲသွားခဲ့ပြီး နိုင်ငံ့ကောင်းကျိုးကို စွမ်းစွမ်းတမံသယ်ပိုးနိုင်ခြင်းမပြုနိုင်ခဲ့ပေ။ ပို၍ဆိုးရွားသည်မှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုအကြောင်းပြု၍ ရှမ်းပြည်နယ်က ခွဲထွက်ခွင့်တောင်းဆိုလာသည်။ ထိုတောင်းဆိုမှုနှင့်ပတ်သက်၍ အကြိတ်အနယ်၊ အပြန်အလှန်ဆွေးနွေးကြသော်လည်း ထင်ရှားသောဆုံးဖြတ်ချက်အဖြေချမှတ်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တပ်မတော်သည် ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် နိုင်ငံတော်အာဏာအရပ်ရပ်ကိုထိန်းသိမ်းလိုက်ရသည်။ ထိုသို့ထိန်းသိမ်းလိုက်ပြီးနောက် တော်လှန်ရေးကောင်စီအစိုးရတစ်ရပ်ဖွဲ့စည်းခဲ့သည်။ တော်လှန်ရေးကောင်စီအနေဖြင့် ပါတီပေါင်းစုံမှကိုယ်စားလှယ်များကိုဖိတ်ခေါ်ကာ မြန်မာနိုင်ငံနှင့် သင့်တော်မည့်စနစ်တစ်ရပ်ကျင့်သုံးရန် စုပေါင်းဆွေးနွေးအဖြေရှာခဲ့သည်။

နောက်ဆုံးတွင် တူညီကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်မျှော်မှန်းခဲ့သည့် ဆိုရှယ်လစ်လမ်းစဉ်ကျင့်သုံးရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပညာရှင်များဖြင့်စုပေါင်းရေးဆွဲကာ ပြည်သူလူထုထံ အကြိမ်ကြိမ်တင်ပြ အကြံဉာဏ်တောင်းခံခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အဆိုပါဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် တစ်ပါတီပုံစံကိုအခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုတည်ထောင်ကာ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကိုသာအစဉ်တစိုက်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်ခဲ့သော်လည်း ကမ္ဘာ့အခြေအနေပြောင်းလဲလာခြင်းနှင့်အတူ မြန်မာ့နိုင်ငံရေးအခြေအနေသည်လည်း ပြောင်းလဲလာခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီတောင်းဆိုမှုနှင့်အတူ ဆူပူဆန္ဒပြမှုများပြင်းထန်လာသည်။ အစိုးရပြိုကွဲသွားပြီး အုပ်ချုပ်မှုရပ်တန့်သွားသည့်အတွက် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို စောင့်ရှောက်ခဲ့ရသည်။ ဆူပူသောင်းကျန်းမှုကြောင့် ပျက်စီးယိုယွင်းသွားခဲ့သည်များကို တပ်မတော်က ပြုပြင်ကြရသည်။ လမ်းပန်းဆက်သွယ်မှုလွယ်ကူလျင်မြန်စေရေးအတွက် လမ်းတံတားများ၊ မြစ်ကူးတံတားကြီးများတည်ဆောက်ကြသည်။

တပ်မတော်သားတို့အနေဖြင့် အထက်မှပေးအပ်သည့်အမိန့်နှင့်တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်ရင်းနိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ကြရသည်။ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီစနစ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးကိုလည်း ကြိုးပမ်းကြရသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာ တစ်ဦးတစ်ယောက်၊ အဖွဲ့ အစည်းတစ်ခု၏သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ပါ။ အမျိုးသားညီလာခံတစ်ရပ်ကျင်းပပြီး ကိုယ်စားလှယ် ၁၀၀၀ ကျော်ပါသည့် အစုအဖွဲ့ ရှစ်ဖွဲ့နှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရေးဆွဲခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၂၀ (စ)ဖြင့် "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟူ၍အတိအလင်းပြဋ္ဌာန်းပေးထားသည်။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့မှာ ဒီမို ကရေစီနည်းလမ်းတကျပေါ်ထွက်လာသည့်အခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ခြင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တသည့် ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် ပထမဆုံးသောရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် စတင်ကျင်းပပေးခဲ့သည်။ ပထမဦးဆုံးသော ဒီမိုကရေစီအစိုးရသည် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်က စတင်တာဝန်ထမ်းဆောင်သည်။ ဤသို့ဖြင့် ဒီမိုကရေစီအစိုးရနှစ်ရပ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် တရားမဲ့ပြုကျင့်မှု၊ မဲမသမာမှုများလွန်စွာများပြားမှုကြောင့် ရွေးကောက်ပွဲသမိုင်းတွင်အကျည်းတန်၊ အရုပ်ဆိုးသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။ ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီစနစ်၏အသက်ပင်ဖြစ်သည်။ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်နေမှသာ ဒီမိုကရေစီစနစ်သည်လည်း ခိုင်မာရှင်သန်နေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့်နိုင်ငံဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များကိုအမည်သတ်မှတ်ပေးထားသည်။ ပြည်နယ်များကို လူမျိုးအမည်သတ်မှတ်ပေးထားသော်လည်း အဆိုပါဒေသများတွင် လူမျိုးတစ်မျိုးတည်းနေထိုင်ခြင်းမျိုးမဟုတ်ပေ။ တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံ၏နေရာဒေသအနှံ့အပြားတွင် အတူယှဉ်တွဲနေထိုင်ကြသည်သာဖြစ်သည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နေရာတွင် လက်နက်ဆွဲကိုင်ဆန့်ကျင်နေခြင်းမှာ နည်းလမ်းအစစ်အမှန်မဟုတ်ပေ။ မိမိတို့၏ဆန္ဒနှင့်လိုလားချက်များကို လွှတ်တော်တွင်တင်ပြနိုင်ကြပြီဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်၊အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ရှိထားပြီးဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ၏လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန်အလေးထားဆောင်ရွက်နေမည်သာဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အချိန်ထိ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိပေရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ပြည်သူများမြင်တွေ့ကြရပြီဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်အစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အညီ ကြည်း၊ ရေ၊ လေ တပ်မတော်သားတို့သည် နိုင်ငံတော်နှင့်ပြည်သူတို့၏ ကောင်းကျိုးကိုထာဝစဉ်သယ်ပိုးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့သို့ရောက်ရှိနေပြီဖြစ်သည်။ နှစ်(၈၀) ပြည့်တပ်မတော်နေ့တွင်ဦး တည်ချက်(၄)ရပ်ချမှတ်ထားရာ အဆိုပါဦးတည်ချက်များနှင့်အညီ တပ်မတော်သည်နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို အစဉ်ဦးထိပ်ထားသယ်ပိုးနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ဘိုးတော်ကင်းရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဧပြီ ၁၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်မည်ဖြစ်




ရန်ကုန် မတ် ၂၆

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၃ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ကျော်မြသန်း၏ ဘိုးတော်ကင်းဝတ္ထုကို သက်ဦးမောင်က ဇာတ်ညွှန်းရေးသားကာ BoBo Film Production အတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ရိုက်ကူးပုံဖော်ထားသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ဒါရိုက်တာများအဖြစ် ကိုဇော်(အရုဏ်ဦး)နှင့်အတူ ဒါရိုက်တာ အီ၊ ဒါရိုက်တာ သုန္ဒာအောင်၊ ဒါရိုက်တာ သားကျော်တို့က လက်ထောက်ဒါရိုက်တာများအဖြစ် ဆောင်ရွက်ထားကြောင်း သိရသည်။

"တကယ့်ဖြစ်ရပ်ကို အခြေခံထားတဲ့ စာရေးဆရာ ကျော်မြသန်းရဲ့နာမည်ကျော် ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့အတွက် သရုပ်ဆောင်ပိုင်း၊ ဇာတ်ညွှန်းပိုင်း၊ မီးအလင်းအမှောင်ကအစ ဂရုတစိုက်နဲ့ ရိုက်ကူးထားပါတယ်။ လူ့ကျင့်ဝတ်နဲ့မညီတဲ့ လုပ်ရပ်တွေ၊ ကမ်းကုန်အောင်မိုက်ခဲ့တဲ့ ဘိုးတော်ရဲ့ ဖြစ်ရပ်မှန်ဘဝတွေကို ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာပါ။ ဒီဇာတ်ကားနဲ့ သရုပ်ဆောင် ခြူးလေးက ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ဘိုးတော်ကင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ စည်သူဝင်း၊ အိချောပို၊ ခြူးလေး၊ ထက်ထက်ထွန်း၊ လှနုထွန်း၊ ဥသြသံသာ၊ သံစဉ်ဆည်းဆာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ASH

# 72 Hours ဟာသဇာတ်ကား၌ မင်းသား ကီဗင်ဟာ့ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် မတ် ၂၆

Netflix ကုမ္ပဏီ၏ 72 Hours အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကား၌ ကမ္ဘာကျော်မင်းသား ကီဗင်ဟာ့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

72 Hours ဇာတ်ကားသည် အသက် ၄၀ အရွယ်ကုမ္ပဏီအကြီးအကဲတစ်ဦး အသက် ၂၀ ခန့် လူငယ်များနှင့်တွဲ၍ သုံးရက်ကြာ ပါတီပွဲတစ်ခု၌ ပါဝင်ခဲ့မှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

72 Hours ဇာတ်ကားကို ဒါရိုက်တာ တင်စတိုနီက ရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်မီဒါက ရေးသားပေးထားကြောင်း၊ ဒါရိုက်တာ တင်စတိုနီသည် စတူဒီယိုရုပ်ရှင်ဇာတ်ကား ၁၁ ကားရိုက်ကူးခဲ့ရာ ရှစ်ကားမှာ ဝင်ငွေအကောင်းဆုံးဇာတ်ကားများအဖြစ် ပွဲထွက်လာခဲ့ကြသည့်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

တင်စတိုနီ ရိုက်ကူးခဲ့သော ဇာတ်ကားအားလုံး၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရှိခဲ့ပြီး လက်ရှိတွင် 72 Hours ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live in Mandalay တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ပြုလုပ်မည်ဖြစ်




မန္တလေး မတ် ၂၆

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live in Mandalay တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ မတ် ၂၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

Sai Sai Live in Mandalay တေးဂီတဖျော်ဖြေပွဲ၌ တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ထူးခြားသည့် Stage အပြင်အဆင်၊ တစ်မူထူးခြားတဲ့တင်ဆက်မှုများကိုလည်း ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မန်းမြေက ပရိသတ်တွေကို ကြေညာစရာမလိုတဲ့ Sai Sai Live in Mandalay မှာ အရင်ဖျော်ဖြေတင်ဆက်မှုတွေနဲ့ မတူတဲ့ ဖျော်ဖြေမှု အသစ်တွေကို မြင်တွေ့ရမှာမို့ တစ်ပွဲထက်တစ်ပွဲ ကွဲပြားတဲ့ သီဆိုဖျော်ဖြေမှုတွေကို ခံစားနိုင်ဖို့ မတ် ၂၉ ရက်မှာ ဆုံကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai Live in Mandalay တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ မတ် ၂၉ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ Cut Off ဇာတ်ကားကို ဒါရိုက်တာ ဂျိုနာဟေး ရိုက်ကူးမည်ဖြစ်

နယူးယောက် မတ် ၂၆

ဝါနာဘရားသားကုမ္ပဏီ၏ Cut Off အမည်ရှိ ဟာသဇာတ်ကားကို ဒါရိုက်တာ ဂျိုနာဟေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၂၅ရက်သတင်းများအရသိရသည်။

ဒါရိုက်တာ ဂျိုနာဟေးသည် Cut Off ဇာတ်ကားကို ရိုက်ကူးပေးမည့်အပြင် ကိုယ်တိုင်လည်း သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Cut Off ဇာတ်ကား၌ ပါဝင်မည့်အခြားသရုပ်ဆောင်များစာရင်းကို ဝါနာဘရားသားကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် Cut Off ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရန်စီစဉ်ထားကြောင်း သိရသည်။

Cut Off ဇာတ်ကားသည် ချမ်းသာသည့်မိဘများက ငွေပံ့ပိုးမှုရပ်ထားသည့် အမြွာညီအစ်ကို၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Cut Off ဇာတ်ကား ရုံတင်ပြသမည့်ရက်ကိုဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၉ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၉ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရာပြည့်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မဟာသင်္ကြန်ပွဲတော်ကို ငြိမ်းချမ်းသာယာ ရွှင်လန်းဖွယ်ရာ မြန်မာ့နှစ်သစ်ကို ရုပ်ရှင်လောကသားများက ကြိုဆိုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ဧပြီ ၉ ရက်တွင် နံနက် ၈ နာရီ မိနစ် ၃၀ မှ ည ၆ နာရီထိ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်လောကသားတွေရဲ့ မြန်မာနှစ်သစ်မင်္ဂလာကို ကြိုဆိုတဲ့အနေနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၉ ရက်မှာ နံနက် ၈ နာရီ မိနစ် ၃၀ ကနေ ည ၆ နာရီထိ ကျင်းပသွားမှာပါ။ မဟာသင်္ကြန်အစဉ်အလာတိုင်း ရုပ်ရှင်သက်ကြီးအနုပညာရှင်တွေကို ပူဇော်ကန်တော့တဲ့ အစီအစဉ်၊ ရုပ်ရှင်သင်္ကြန်တေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေမှု အစီအစဉ်နဲ့ သင်္ကြန်ရုပ်ရှင်ပြသတဲ့အစီအစဉ်လဲပါမယ်။ ပြမှာကတော့ မောင်တို့ချယ်ရီမြေရုပ်ရှင်ဇာတ်ကားပေါ့။ ရုပ်ရှင်လောကသားတွေရဲ့ သားသမီးတွေကို ကံစမ်းမဲဖောက်မဲ့ အစီအစဉ်လဲပါမယ်။ ပွဲတော်လာသူတွေကို ထမင်းဟင်းကျွေးမွေးဧည့်ခံမဲ့ အစီအစဉ်လဲ လုပ်ထားတယ်။ ရုပ်ရှင်အစည်းအရုံး မဟာသင်္ကြန်ပွဲတော်အတွက် ယူနိုက်တက်အမရာဘဏ်၊ ယူအေဘီဘဏ်ကလဲ အလှူငွေငွေကျပ် သိန်း ၁၀၀ ကို မတ် ၂၅ ရက်က လှူဒါန်းထားပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် ပွဲတော်လာရုပ်ရှင်လောကသားများနှင့် ဧည့်သည်တော်များကိုလည်း အမှတ်တရဗလာမပါ ကံစမ်းမဲဖောက်ပေးသည့်အစီအစဉ်လည်း ထည့်သွင်းထားကြောင်း၊ နံနက်ပိုင်းမှစတင်ကာ သင်္ကြန်ပွဲတော်အစဉ်အလာအတိုင်း ရွှေရင်အေး၊ မုန့်လုံးရေပေါ်စသည့် သင်္ကြန်မုန့်များဖြင့်လည်း ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# SAC Chairman Defence Services Commander-in-Chief Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla greet retired senior Tatmadaw officers and their wives who will attend 80th Anniversary of the Armed Forces Day Parade



Senior General Min Aung Hlaing and Daw Kyu Kyu Hla greet a retired senior Tatmadaw officer and wife.



Senior General Min Aung Hlaing and Daw Kyu Kyu Hla greet a retired senior Tatmadaw officer.



Senior General Min Aung Hlaing and Daw Kyu Kyu Hla greet a retired senior Tatmadaw officer and wife.



Senior General Min Aung Hlaing and Daw Kyu Kyu Hla greet a retired senior Tatmadaw officer and wife.

**Nay Pyi Taw March 26**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla greeted retired senior Tatmadaw officers who started duties at the Tatmadaw and their wives at Bayintnaung Villa in Nay Pyi Taw this morning.

Those retired senior Tatmadaw officers and their wives will attend the parade of the 80th Anniversary of the Armed Forces Day which will fall on 27 March 2025.

On the occasion, the Senior General and his wife cordially asked those retired senior Tatmadaw officers and their wives about health and social needs individually and fulfilled their requirements.

At the meetings, the Senior General talked about maintaining the fine traditions of the Tatmadaw, efforts to enhance capability and power of the Tatmadaw, paying gratitude to them for attending the Armed Forces Day Parade, emphasis being placed by the Tatmadaw on peace and stability of the State, efforts to overall development of the nation by the State Administration Council, enhancement of education to promote the national education standard, and encouragement for non-formal education in addition to the formal education and library measures.

The retired senior Tatmadaw officers expressed their thanks to the Senior General for having chances to attend the Armed Forces Day Parade, their recognition over and endeavours of the Senior General in discharging State duties without weaknesses, and making their wishes for the Senior General to further serve the interests of the State and ensure peace, stability and overall development of the nation, and gave other advice.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla lead families of Tatmadaw (Army, Navy and Air) in paying respects to retired senior military officers, who will attend the 80th Anniversary Armed Forces Day



Senior General Min Aung Hlaing presents gifts to a retired senior military officer.

**Nay Pyi Taw March 26**

A ceremony to pay respects to retired senior military officers, who will attend the 80th Anniversary Armed Forces Day Parade on 27 March, by families of Tatmadaw (Army, Navy and Air) was held at Zeyathiri Beikman Hall, here this afternoon.

Present were a total of 15 retired senior military officers and six spouses, to whom the respects will be paid, and led by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, and senior military officers from Office of Commander-in-Chief (Army, Navy and Air) and wives attended the ceremony and paid respects to them.

Speaking on the occasion, the Senior General said in accord with the tradition of the Tatmadaw, the Senior General and all in-service military personnel are the ones, who are discharging the duties handed down to them, and the retired senior military officers at the ceremony are their mentors, who can be called their parents. Since the country regained independence, all the soldiers are safeguarding the country with the traditional belief "the Tatmadaw must be for the country." As Tatmadaw is a part of the country, Tatmadaw members are also a part of the people. In this regard they must service the interest of the nation and people. The foundation of this conviction is nurtured and handed down by the senior military officers of the past successive periods. As the Tatmadaw has passed through various situations, it has faced a number of different systems throughout the different eras and for many times, it has driven out all external and internal enemies that were trying to destroy the country. In addition, the Tatmadaw is safeguarding the race, literature, religion and culture, apart from defending the country from external intrusion and ending internal armed conflicts. Taking the past experience as lessons, soldiers must do their best in discharging duties.

The Tatmadaw is assuming the responsibilities of the State in accord with the 2008 Constitution. It will hold a free and fair multiparty democracy general election at the end of the current year and will systematically transfer the State responsibilities to the political party that wins the election. It is exercising restraint in strengthening the multiparty democracy system, and protecting national solidarity and the Union from disintegration in accord with the law. It will serve the interest of the nation and people steadfastly, and will also strive to maintain as the Tatmadaw on which the people and the nation can rely.

We are thankful to see retired senior military officers attend the respect-paying ceremony on the occasion of Armed Forces Day. It is a fine tradition of the Tatmadaw to pay respects to retired senior military officers in accordance with Buddhist traditions in appreciation of the gratitude between seniors and juniors. We are willing to accept the advice of retired senior military officers.

Then, the Senior General and wife and senior military officers and their wives paid respects to retired senior military officers in accordance with Myanmar traditions.

Afterward, General Thein Sein and Lt-Gen Aung Htwe, on behalf of retired senior military officers, said it is a proud tradition of the Tatmadaw to pay respects to retired senior military officers and their wives every year. We appreciate that the Tatmadaw is exerting efforts day and night not only for the affairs of the Tatmadaw but also for the country's affairs and socioeconomic development of the people under the leadership of the Senior General. Tatmadaw personnel are performing national security and defence duties day and night. The Tatmadaw is an armed force that has a fine tradition of safeguarding the union resided by national races and sovereignty and eliminating domestic and foreign enemies in successive eras. As the country will be strong only when the Tatmadaw is strong, fine historical traditions must be preserved and efforts must be made to enhance its capabilities. In nation building, it is important that the Tatmadaw is strong. Faced with hardship and crises, continued efforts must be made to overcome them. We wish all Tatmadaw personnel and their families led by the Senior General peace of mind and good health. The retired senior military officers also gave other advice.

Then, the Senior General and wife, the Vice-Senior General and wife and senior military officers and their wives presented gifts to retired senior military officers and their wives respectfully.

Afterward, the Senior General and senior military officers posed for documentary photographs together with retired senior military officers and their wives.

Then, the Senior General and wife cordially greeted retired senior military officers and their wives at the ceremony. 100

# S. Korean opposition leader acquitted of election law violation by appeal court

**Seoul March 26**

South Korean opposition leader Lee Jae-myung was acquitted of election law violation by an appeal court on Wednesday, cementing his position as a frontrunner in the next presidential election.

The Seoul High Court overturned a lower court's ruling, saying Lee, chief of the main liberal opposition Democratic Party, made no false statements during the last presidential campaign.

Lee was handed a one-year prison term, suspended for two years, by the Seoul Central District Court in November last year on charges of dissemination of false information during the 2022 presidential election.

Prosecutors had sought a two-year jail sentence for Lee in the first and the appeal trials.

By law, Lee would lose his parliamentary seat and be barred from running in an election for 10 years if he received a fine of over 1 million won (680 U.S. dollars) for election law violation as confirmed by the Supreme Court.

Lee, who lost the 2022 election to impeached President Yoon Suk-yeol by the country's narrowest margin, has been widely seen as the most powerful contender for the next presidential election.

According to a survey by local pollster Flower, 49.6 percent said they will vote for the Democratic Party's candidate in the next presidential election, while 29.5 percent were in favor of the ruling People Power Party's candidate.

Lee was the most favored as the Democratic Party's presidential candidate with a support rate of 85.5 percent.

Xinhua

# Pre-dinner reception held in commemoration of 80th Anniversary of Armed Forces Day





Senior General Min Aung Hlaing and Daw Kyu Kyu Hla watch performances at the pre-dinner reception held in commemoration of the 80th Anniversary of Armed Forces Day.

**Nay Pyi Taw March 26**

A pre-dinner reception ceremony was held this evening at the Zeyyathiri Beikman Outdoor Ground in Nay Pyi Taw to mark the 80th Anniversary of Armed Forces Day. The event was hosted by Senior General Min Aung Hlaing, Chairman of the State Administration Council Commander-in-Chief of Defence Services, and his wife Daw Kyu Kyu Hla.



Senior General Min Aung Hlaing greets those in attendance.



Senior General Min Aung Hlaing greets those in attendance.

As the ceremony commenced, a fireworks display lit up the sky, launched from the Armed Forces Day military parade ground and the Bayintnaung Pavilion in honor of the 80th Anniversary of Armed Forces Day.

Senior General Min Aung Hlaing and Daw Kyu Kyu Hla extended a warm welcome to the distinguished guests in attendance. Among them were Colonel General Alexander Vasilyevich Fomin, Deputy Minister of Defence of the Russian Federation, along with his delegation, and Vice-Senior General Soe Win, Vice-Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, SAC Secretary and wife, SAC Joint Secretary and wife, SAC members and wives, Union level dignitaries, Union ministers and wives, senior military officers from the Office of the Commander-in-Chief and their wives, families of the Thirty Comrades, families of the retired Commander-in-Chiefs, retired senior officers of the Tatmadaw (Army, Navy and Air), Independence Mawgunwin awardees, advisors, and deputy ministers, retired military personnel ambassadors, Nay Pyi Taw Council members, military attachés and officials from foreign military attachés offices, representatives from ethnic armed organizations signatory to the Nationwide Ceasefire Agreement (NCA), political party leaders and officials, family members and relatives of Aung San Thuriya title recipients, officers and soldiers who have received the Thiha Thura, Thura, and other Tatmadaw gallantry medals along with their family members and relatives, officers and soldiers who were awarded with the Brave Heroism Commemorative Badges, their family members and relatives, members of the Myanmar War Veterans Organization, transformed people's militias, local people's militias, central border guard advisory and supervisory committees, Myanmar Police Force, Fire Brigade, officials and staff from various ministries, officials from YMBA, Myanmar Women's Affairs Federation, Myanmar Maternal and Children Welfare Association, officials from the Central Committee of the Interfaith Unity Association, artists who participated in the Armed Forces Day commemorative drama, winners of military march song competitions, soldier songs, poetry, short story and novel contests, representatives from the News Media Council, the Motion Picture, Music and Theater Association, and the Strategic Studies Group, members of university training corps, teachers and students from the Ethnic Development University, and specially invited guests.

Throughout the evening, performances by the Myawady Music Troupe under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army), artists from the Myanmar Police Force, and the Russian Armed Forces Band entertained attendees with patriotic songs.



The pre-dinner reception being held in commemoration of the 80th Anniversary of Armed Forces Day.

After the dinner, the Senior General and accompanying officials warmly greeted the attendees and observed a fireworks display commemorating the event's success.

Senior General Min Aung Hlaing, along with his wife, Daw Kyu Kyu Hla, and other attendees, watched a performance of "Divine Words of the Three Flowers" presented by servicemen and servicewomen, under the command of the Director of Public Relations and Psychological Warfare at Zeyathiri Beikman Thabin Hall.

After the performance, the Senior General and his wife presented commemorative flower baskets to the performers, and warmly greeted the attendees.

In commemoration of the 80th Anniversary Armed Forces Day, statues of military vessels, helicopters, armored vehicles, and the three kings who founded the First, Second, and Third Myanmar Empires were beautifully illuminated along the main road leading to the Office of the Commander-in-Chief (Army). It is reported that attendees of the dinner watched the display with great enjoyment. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ထရန့်အစိုးရ၏ အမေရိကန်ထုတ်လက်နက်စနစ်များ ပံ့ပိုးနေမှုရပ်တန့်မည်ကိုစိုးရိမ်



ဥရောပရှိ NATO မဟာမိတ်များအသုံးပြုသော အမေရိကန်ထုတ်လက်နက်စနစ်များကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်အစိုးရက ပံ့ပိုးပေးနေခြင်းရပ်တန့်မည်ကို ဥရောပသမဂ္ဂ(EU) အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက စိုးရိမ်နေကြကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြချက်ကို ကိုးကား၍ ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မတ် ၂၄ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ဥရောပနိုင်ငံများအတွက် လက်နက်တင်သွင်းမှု၏ သုံးပုံနှစ်ပုံခန့် ပံ့ပိုးပေးခဲ့သည်။ လက်နက်စနစ်တော်တော်များများကို အမေရိကန်တပ်မတော်မှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းပြီး လည်ပတ်လုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ အမေရိကန်နိုင်ငံထုတ် အစိတ်အပိုင်းများပါရှိသော စစ်လက်နက်၊ စက်ပစ္စည်းကိရိယာများ အထောက်အပံ့၊ ရောင်းချနေမှုများကို ရပ်သိမ်းပါက ကန့်သတ်ချက်များနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိနေသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်တင်းမာသောဆက်ဆံရေးကြောင့် အမေရိကန် ထောက်လှမ်းရေးလေယာဉ်၊ မောင်းသူမဲ့လေယာဉ်များနှင့် တိုက်လေယာဉ်များကို လုံးလုံးလျားလျား မှီခိုအားထားနေရသည့် ကြီးမားသောအားနည်းချက်ဖြစ်လာမည်ကို တာဝန်ရှိသူများက စိုးရိမ်နေကြကြောင်း ဝါရှင်တန်ပို့စ်သတင်းစာ၏ အဆိုအရ သိရသည်။ အစိတ်အပိုင်းများ၊ ဆော့ဖ်ဝဲများ သို့မဟုတ် ဒေတာများသို့ ဝင်ရောက်ခွင့်ကို ပိတ်ဆို့ထားပါက အချို့သော အမေရိကန်ထုတ် လက်နက်စနစ်၊ ပစ္စည်းကိရိယာများသည် လုပ်ဆောင်၍ မရတော့မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

"သမ္မတဒေါ်နယ်ထရန့်က ခလုတ်တစ်ချက်နှိပ်ရုံနဲ့ လေယာဉ်အားလုံး ကောင်းကင်ကနေ ပြုတ်ကျမှာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အထူးသဖြင့် ထောက်လှမ်းရေးနဲ့ ဆက်သွယ်ရေးတွေမှာ မှီခိုမှုဆိုင်ရာပြဿနာရှိနေပါတယ်"ဟု အဆိုပါအရာရှိများက ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ပံ့ပိုးမှုတစ်ရပ်တွင် အကယ်၍ ဖြတ်တောက်ခဲ့ရပါက စစ်လက်နက်ပစ္စည်းများတွင် ဖြစ်ပေါ်လာသောအကျိုးဆက်များနှင့် ကြုံတွေ့လာရနိုင်မှုအပေါ် အဖွဲ့ဝင်နိုင်ငံအများအပြားက ပြန်လည်သုံးသပ်နေကြောင်း သိရသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် မကြာသေးမီက ဥရောပသမဂ္ဂအဖွဲ့ကို အမေရိကန်ထုတ် စစ်လက်နက်များဝယ်ယူခြင်း ရပ်တန့်ရန်တိုက်တွန်းခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်နိုင်ငံမှ တင်သွင်းသူကုမ္ပဏီများအပေါ် ဆက်လက်မှီခိုနေပါက ဥရောပ၏ စစ်လက်နက်တပ်ဆင်မှုသည် အဓိပ္ပာယ်မရှိဟု ပြောကြားခဲ့သည်။ ၎င်း၏ EU အိမ်နီးချင်းများကို အကာအကွယ်ဖြစ်စေရန် ပြင်သစ်၏ နျူကလီးယားအဟန့်အတားစွမ်းရည်များကို သက်တမ်းတိုးရန် ဂျာမနီအဓိပတိနေရာဆက်ခံမည်ဟု သတ်မှတ်ထားသော ဖရီးဒရစ်မာ့ဇ်က ဆွေးနွေးနိုင်ကြောင်း မက်ခရွန်က အခိုင်အမာ ပြောကြားခဲ့သည်။

လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေအရ F-35 တိုက်လေယာဉ်များဝယ်ယူမည့် အစီအစဉ်ကို ပေါ်တူဂီနိုင်ငံက ဖျက်သိမ်းခဲ့ကြောင်း သိရသည်။ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Keir Starmer က စစ်ဘက်ဆိုင်ရာကိုယ်တိုင်တီထွင်ဖန်တီး၊ ထုတ်လုပ်အသုံးပြုနိုင်စွမ်းကို တွန်းအားပေးလုပ်ဆောင်မှုများ ထောက်ခံခဲ့ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဥရောပတိုက်ကာကွယ်ရေးအတွက် ပိုမိုသုံးစွဲရန်လိုအပ်ကြောင်း သတိပေးချက်တစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**EU afraid Trump could cut off weapons support – WaPo** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးနိုင်ငံက Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ခဲ့

အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနသည် Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက မတ် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုအဆင့်မြှင့်တင်မှုသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်း ဟားမတ်စ်အဖွဲ့က အစ္စရေးနိုင်ငံအလယ်ပိုင်းသို့ ဒုံးကျည်များပစ်လွှတ်တိုက်ခိုက်မှုကဲ့သို့ လေကြောင်းခြိမ်းခြောက်မှုများတိုးပွားလာခြင်းနှင့်အတူ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ၎င်းအဆင့်မြှင့်တင်မှုများသည် လက်ရှိခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းမြှင့်တင်ရုံသာမက ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့သော အနာဂတ်ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန်အတွက်ပါ ပြင်ဆင်မှုများပါဝင်သည်။

Rafael ကုမ္ပဏီက ထုတ်လုပ်ထားသော Iron Dome စနစ်သည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ၊ ၁၅၅ မီလီမီတာ အမြောက်ကျည်များနှင့်မော်တာ၊ ဒုံးကျည်များကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားသော မိုဘိုင်းစနစ်တစ်ခုဖြစ်သည်။ ၎င်းသည် အကွာအဝေးငါးကီလိုမီတာမှ ကီလိုမီတာ ၇၀ အတွင်း မြူထူခြင်း၊ မိုးရွာခြင်း၊ သဲမုန်တိုင်းနှင့်နှင်းကျခြင်းစသည့် မတူညီသော ရာသီဥတုအခြေအနေများအောက်တွင် ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းစနစ်တွင် ရှာဖွေရေးနှင့်ခြေရာခံထိန်းကျောင်းရေးရေဒါ၊ တိုက်ပွဲစီမံခန့်ခွဲမှုနှင့် လက်နက်ထိန်းချုပ်ရေးစနစ်နှင့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ဖြုတ်လွယ်တပ်လွယ် မော်ဂျူလာဒီဇိုင်းသည် မဟာဗျူဟာမြောက်အခြေခံအဆောက်အအုံများ၊ မြို့ပြဧရိယာများနှင့် ချီတက်သွားလာနေသော တပ်ရင်း၊ တပ်ဖွဲ့များကို ကာကွယ်ရန် အလျင်မြန်ဆုံး တပ်ဖြန့်အသုံးပြုနိုင်စေမည်ဖြစ်သည်။

Elta Systems တီထွင်ထုတ်လုပ်ထားသော EL/M-2084 ရေဒါစနစ်သည် ဝင်ရောက်လာသောဒုံးကျည်များကို ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့၏လမ်းကြောင်းကို ခြေရာခံထိန်းကျောင်းကာ သက်ရောက်နိုင်မည့်ဧရိယာကို ဆုံးဖြတ်ဖော်ပြပေးသည်။

Iron Dome ၏ကြားဖြတ်ပစ်ချနိုင်စွမ်းသည် Tamir ဒုံးကျည်အပေါ်တွင် မူတည်သည်။ Tamir ဒုံးကျည်သည် လေကြောင်းခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသော လှုပ်ရှားစစ်ကစားနိုင်စွမ်းရှိသည့် ဒုံးကျည်အမျိုးအစားဖြစ်သည်။ Electro-optical အာရုံခံကိရိယာများနှင့် ရေဒါရှာဖွေရေးစနစ်များ တပ်ဆင်ထားသော ၎င်းဒုံးကျည်သည် ပစ်မှတ်ကို တိကျစွာကြားဖြတ်တိုက်ခိုက်နိုင်ရန် ၎င်း၏လမ်းကြောင်းကို ချိန်ညှိပျံသန်းနိုင်မည်ဖြစ်သည်။ အလျား သုံးမီတာနှင့် အလေးချိန် ကီလိုဂရမ် ၉၀ ရှိသော Tamir ဒုံးကျည်သည် ပစ်မှတ်နှင့် နီးကပ်စွာ ပေါက်ကွဲတိုက်ခိုက်နိုင်ပြီး ဘေးထွက်ပျက်စီးမှုကို လျှော့ချပေးနိုင်သည်။ Iron Dome တပ်ခွဲတစ်ခွဲတွင် Tamir ဒုံးကျည်အစင်း ၂၀ စီပါသော ဒုံးကျည်ပစ်လွှတ်စင်သုံးခုပါဝင်ပြီး ကျည်ပြန်လည်ထိုးရန်မလိုဘဲ ဒုံးကျည်အစင်း ၆၀ ထိ ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။ အစ္စရေးတွင် တပ်ဖြန့်အသုံးပြုလျက်ရှိသော Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်သည် နိုင်ငံတကာထံမှ စိတ်ဝင်စားမှုရရှိထားသည်။

၎င်းခေတ်မီအဆင့်မြှင့်တင်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အစ္စရေးနိုင်ငံသည် နောက်ထပ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သစ်အမြောက်အမြား Rafael ကုမ္ပဏီထံ အမှာစာပေးပို့ခဲ့ပြီးဖြစ်သည်။ အဆက်မပြတ်ပြောင်းလဲနေသောကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်မှုများသည် အစ္စရေးထုတ် ကာကွယ်ရေးစနစ်များကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။ သို့မှသာ Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်သည် နိုင်ငံကာကွယ်ရေးမဟာဗျူဟာ၏ အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ကျယ်ပြန့်သော လေကြောင်းခြိမ်းခြောက်မှုများ ကာကွယ်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Israel Upgrades Iron Dome Air Defense System to Counter Drones and Cruise Missiles.** ကို ဘာသာပြန်ဆိုထားပါသည်။



**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

**ရှေ့ဖုံးမှအဆက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊နေပြည်တော်ကောင်စီဝင်များ၊နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့်တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များ၏ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများ၏"ပန်းသုံးပွင့်၏ အဘိဓမ္မာ"ပြဇာတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများကို အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေး ကွပ်ကဲရေးအဖွဲ့များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နှစ် ၈၀ ပြည့် တပ်မတော်နေ့အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနုပညာရှင်များ၊ ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများကိုရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဇေယျာသီရိ ဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများ၏ **"ပန်းသုံးပွင့်၏အဘိဓမ္မာ"** ပြဇာတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က စစ်သည်၊ စစ်သမီးများကို အမှတ်တရဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ကိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကိုတည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော် ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်နေမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က အငြိမ်းစား တပ်မတော် အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်က သြဝါဒစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာ၌ တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏ တာဝန်များကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော် အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစတင်၍ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသည့်စိတ်ဖြင့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းများဖြစ်သဖြင့် ပြည်သူလူထု၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအရင်းခံသည့်စိတ်ကို ယခင်အစဉ်အဆက် တပ်မတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော် အငြိမ်းစားအရာရှိကြီးများက မွေးမြူ၍ လက်ဆင့်ကမ်းပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ "ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ"ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ်တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက်ရှိသည့် တပ်မတော်ဖြစ်ကြောင်း၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းအဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ကာလတွင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏ တာဝန်များကို စနစ်တကျပြန်လည်လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို တစိုက်မတ်မတ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူက



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။

အားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အငြိမ်းစား တပ်မတော်အရာရှိကြီးများအနေဖြင့် တပ်မတော်နေ့ကျရောက်သည့် အခါသမယများ၌ ယခုကဲ့သို့ ကန်တော့ခံအခမ်းအနားများသို့ တက်ရောက် ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၏လမ်းညွှန်သြဝါဒများကိုလည်း ခံယူလိုပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း မိမိတို့ကဲ့သို့ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများအား ဂါရဝပြုကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် ဂုဏ်ယူဖွယ်အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဦးဆောင်မှုဖြင့် တပ်မတော်၏ အရေးကိစ္စရပ်များအပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် နေ့မနားညမအားဆောင်ရွက်နေမှုကို အသိအမှတ်ပြု ဂုဏ်ယူအားပေးလျက်ရှိနေကြောင်း၊ တပ်မတော်သားများအနေဖြင့်လည်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို နေ့မနား ညမအား တာဝန်ထမ်းဆောင်နေကြကြောင်း၊ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံး ပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့် အစဉ်အလာကောင်းများရှိသော တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဖြစ်သဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကို တည်ဆောက်ရာတွင် တပ်မတော်အင်အားရှိရန် အဓိကအရေးကြီးကြောင်း၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း အောင်မြင်စွာကျော်ဖြတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားသြဝါဒစကားများကို ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးစန်းယု(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်ချုပ်မှူးကြီးစောမောင်(ငြိမ်း)၏ မိသားစုအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးနေဝင်း(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခို နေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို

**စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်မည့် ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)အား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

တစ်ဦးချင်းလိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်စွမ်းပကားမြင့်မားစေရေးအတွက် မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပညာရေးအပြင် ကျောင်းပြင်ပ ပညာရေးနှင့် စာကြည့်တိုက်လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံက လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုလျက်ရှိမှု၊နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆုမွန်ကောင်းတောင်းလျက်ရှိမှုနှင့် အခြားဩဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်းရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “သစ္စာမျိုးဆက်” ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၆**

နှစ် ၈၀ ပြည့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “သစ္စာမျိုးဆက်” ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်းရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုနှင့် ဗညားရဲရင့်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက “သစ္စာမျိုးဆက်” ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသဥ္ဇာဦး၊ ကျော်ဇောဟိန်း၊ အောင်ပိုင်၊ ခိုင်သဇင်ငုဝါ၊ လင်းလက်ခွန်းချို၊ ပိုင်စစ်မှူး၊ ရှင်ရဲထွဋ်၊ ကြယ်စင်လင်းထူး၊ ဇာတ်ညွှန်းအကြံပေး လှိုင်းသစ်၊ လက်ထောက်ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဇာတ်လမ်း/ ဇာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆုရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ မြင့်မိုရ်ဦး၊ ဒုတိယဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ တတိယဆုရရှိသူ လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဒုတိယအရာခံဗိုလ် သက်ဝင်းလှိုင်၊ ပဉ္စမဆုရရှိသူ ခင်ဇော်(မြဝတီ)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ထားရဲ၊ ဒုတိယဆုရရှိသူ မအိ(ပဲခူး)၊ တတိယဆုရရှိသူ ရွှေသင်းသူ(သဇင်)၊ စတုတ္ထဆုရရှိသူ ကေသီ၊ ကဗျာဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ အောင်နိုင်သူ(ဇွဲကပင်)၊ စတုတ္ထဆုရရှိသူ ခိုင်မြတ်မော်(မြဝတီ)၊ ပဉ္စမဆုရရှိသူ ဥဏ်လင်း(တပ်ကုန်း)၊ အထူးဆု(၁)ရရှိသူ သက်နှင်းညို၊ အထူးဆု(၂) ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃)ရရှိသူ ရွှေလေးခင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာအလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြတ်ထွဏ်းနောင်၊ ဒုတိယဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ တတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ ရေနံ့သာမောင်ကျော်ညွန့်၊ ပဉ္စမဆုရရှိသူ မနောဖြူ၊ အထူးဆု(၁) ရရှိသူ မောင်မင်းသိမ်း(သရက်)၊ အထူးဆု(၂) ရရှိသူ မျိုးစစ်သည်၊ အထူးဆု(၃) ရရှိသူ ညောင်ရွှေ-ခင်မောင်မြ၊ ဝတ္ထုတို ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊တတိယဆုရရှိသူ ယု(သဇင် FM)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၁)ရရှိသူ ငြိမ်းချမ်းဖြူ၊ အထူးဆု(၂)ရရှိသူ ထက်ပိုင်ဦး(သစ္စာမြေ)၊ အထူးဆု(၃) ရရှိသူ စစ်ငြိမ်းပန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုဝတ္ထုတို အလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)၊ တတိယဆုရရှိသူ ကျော်တေဇ(ဥက္ကလာ)၊ စတုတ္ထဆုရရှိသူ ထက်ဝေအောင်(စစ်ကိုင်း)၊ ပဉ္စမဆုရရှိသူ မောင်စူးရှ(အနောက်ရိုးမ)၊ အထူးဆု(၁)ရရှိသူ မင်းလပြည့်(ဟားခါး)၊ အထူးဆု(၂) ရရှိသူ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)၊ အထူးဆု(၃)ရရှိသူ စေတမန်၊ ဝတ္ထုရှည်ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆုရရှိသူ လူမောင်(ဝိရောဓိ)၊ စတုတ္ထဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ပဉ္စမဆုရရှိသူ သျှင်ငြိမ်းစံ၊ အထူးဆု(၁) ရရှိသူ မောင်စိုးထွန်း၊ အထူးဆု(၂)ရရှိသူ အောင်မင်းကျော်(ပညာ)၊ အထူးဆု(၃) ရရှိသူ ခင်မျိုးမျိုးချစ်(ချင်းတောင်)၊ ဝတ္ထုရှည် အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဋ္ဌု၊ ဒုတိယဆုရရှိသူ စိုးနွေ၊ တတိယဆုရရှိသူ ရဲမင်းစိုး၊ စတုတ္ထဆုရရှိသူ ညိမ်းညို၊ ပဉ္စမဆုရရှိသူ နေဇင်(ပေါက်ခေါင်း)၊ အထူးဆု(၁) ရရှိသူ နီသင်အောင်ကျော်မိုး၊ အထူးဆု(၂) ရရှိသူ ခန့်ပိုင်၊ အထူးဆု(၃) ရရှိသူ အမေ့သား(နတ်မောက်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)



**စည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်**

**ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထု စည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

၆-၁၂-၂၀၂၄

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း- Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း- Peace Talk 2025 တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။



စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မြတ်ဦးနှင့် ဒေါက်တာအေးမောင်တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း) က ဆောင်ရွက်ပြီး “ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)နှင့် ဦးကိုကိုကြီးတို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာကြသည့်ကိုယ်စားလှယ်များက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ယင်းနောက် စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍနှင့် စပ်လျဉ်း၍ သုံးရက်တာဆွေးနွေးပွဲရလဒ်များကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ သုံးရက်တာဆွေးနွေးပွဲရလဒ်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ကရင်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ (၂) နန်းစေအွာနှင့် အဖွဲ့(၂)ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုံးရက်တာ ငြိမ်းချမ်းရေးစကားဝိုင်းက ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များကို လက်တွေ့ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် NSPNC အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းများကို အခါအားလျော်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့ကို အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ် ၂၇ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**


# နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Aleksandr Vasilyevich FOMIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General ViktarGennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် မတ် ၂၆**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ အခမ်းအနားသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Aleksandr Vasilyevich FOMIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Aleksandr Vasilyevich FOMIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General ViktarGennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Aleksandr Vasilyevich FOMIN ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။





ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဦးစီးရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၆

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များကို သွေးအမျိုးအစားခွဲခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး သွေးလှူရှင်များကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့အထိမ်းအမှတ် နာရီစင်ဖွင့်ပွဲ ပြုလုပ်

နေပြည်တော် မတ် ၂၆

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ တည်ဆောက်ထားသော မြို့အထိမ်းအမှတ် နာရီစင်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား(၁)အနီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး နာရီစင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နာရီစင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စည်ပင်သာယာရေးဌာနအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက မြို့အထိမ်းအမှတ် နာရီစင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နာရီစင်တည်ဆောက်ထားမှုအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက မြို့အထိမ်းအမှတ် နာရီစင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tun Tun Aung” Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ထွန်းထွန်းအောင်(ခ) ဖိုးကုလားအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အစိုးရဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ ဒုတိယနေ့ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါးဦးအနက် ၁၁၉၄၀ ပါးဦး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် မတ် ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦး စုစုပေါင်း ၃၉၂ ဦး တို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့ကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသံရုံးမှ Ambassador Mr.Darkey Africa နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၈၆၇၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၇၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၇၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ- တရုတ်- ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရွှေဘိုမြို့ရှိ အောင်ဇေယျဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိ

PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့ သက်သာပန်းတောင်း ရပ်ကွက် အောင်ဇေယျဈေးအတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




နေပြည်တော် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးငယ် တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် PDFအမည်ခံ အကြမ်းဖက်သမားများက ဥသျှစ်ကန်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀ ခန့်အကွာမှ ရှော့တိုက်ဒုံး တစ်လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် ဈေးအတွင်း ဈေးရောင်းနေသည့် အမျိုးသမီး လေးဦးတို့ ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသူများကို ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံအများအပြားပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အဆောက်အအုံ အများအပြားပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေးတာဝန်ရှိတစ်ဦးကို ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများကို ဗုံးကြဲတိုက်ခိုက်မှုများမရှိကြောင်း သိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်နေဝေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

ဝတ္ထုတိုကဏ္ဍ

# မေတ္တာနှောင်ကြိုး

ယင်းမာ



(၁)

မြရှင်ဆိုသည်မှာ သာယာကုန်းရွာသူတစ်ယောက် ဖြစ်သည်။ အသားကညိုညက်ညက်၊ အရပ်ကရှည်ရှည် ပိန်ပိန်ပါးပါးနှင့် အမြဲပြုံးရယ်လေ့မရှိ။ စက်ရုပ် တစ်ရုပ်လို အပိုအလိုမရှိသော မျက်နှာထားပိုင်ရှင် ဖြစ်သည်။ မြရှင်၏အမေသည် ကောက်စိုက်၊ ပေါင်းသင်၊ စပါးရိတ် အစရှိသောအလုပ်များကို လုပ်သည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ရွာထဲမှ စပါးပြာ၊ ပဲပြာ အလုပ်များကိုခိုင်းလျှင်လည်း လိုက်၍ လုပ်သည်။ မြရှင်၏အမေသည် သာမန်လူများနှင့်တော့ သိပ်မတူ ထူထူအအနှင့် ဉာဏ်ရည်နည်းသူဖြစ်သော် လည်း သူတို့သားအမိ စားသောက်နေထိုင်ရေးအတွက် ရှာဖွေစားသောက်နေသူဖြစ်သည်။ သမီးဖြစ်သူ မြရှင်ကျမှ အမေ့ထက်ပိုဆိုးနေသည်။ လုံးလုံး ဉာဏ်ရည်မမီသူတစ်ယောက်ဖြစ်ခဲ့သည်။ ဘာမှ လည်း မလုပ်တတ်မကိုင်တတ်။ ဘာမှလည်း ခိုင်းစား၍မရ။ စကားကိုပင် လည်လည်ဝယ်ဝယ် မပြောတတ်ရှာ။

"မြရှင်ရေ ဗိုက်ဆာရင် ထမင်းခူးစားနှင့်နော် အမေပြန်လာတဲ့အထိ စောင့်မနေနဲ့"

အမေက ထိုသို့ပြောလည်း မြရှင်ကတော့ မျက်လုံးအပြူးသားနှင့်သာ ကြည့်နေခဲ့သည်။ ကောင်းသည်၊ ဆိုးသည် ဘာမှပြန်မပြော။ အမေ လုပ်သူက အလုပ်မသွားမီချက်ပြုတ်ထားခဲ့သည်။ အချိန်တန်၍ ဗိုက်ဆာလို့မှ ကိုယ့်ထမင်းကိုယ် ခူးခပ်စားရမည်ကိုပင် သူ့အတွက် အင်မတန်ခက်ခဲ သော အလုပ်ဖြစ်နေသည်လားမပြောတတ်။

"မြရှင်ရေ ထမင်းမစားသေးဘူးလားဟင် မနက် ကတည်းက ဗိုက်ဆာရင်စားနှင့်လို့ အမေမှာထားခဲ့ တာကို မြရှင်ရယ်"

မြရှင်မှာ ထမင်းဆာလွန်း၍ ထင်သည် အိမ်လေး ထဲရှိကြမ်းပြင်ပေါ်တွင် ခွေခွေလေးအိပ်နေရှာသည်။

အမေဖြစ်သူ အလုပ်မှပြန်လာသောအခါမှသာ မြရှင်ကို ထမင်းဟင်း ခူးခပ်ကျွေးရလေသည်။ ထိုအခါ မှသာ ထမင်းကိုအငမ်းမရစားနေတော့သည်။ အိမ်ထဲ မှ အိမ်ပြင်သို့လည်းမထွက်။ သူတို့သားအမိနေသော တဲသာသာအိမ်ကလေးအတွင်းမှာသာ သူ့အချိန်များ ကို ကုန်ဆုံးစေခဲ့သည်။

(၂)

ဤသို့ဖြင့် မြရှင်တစ်ယောက် တဖြည်းဖြည်း အရွယ်ရောက်လာခဲ့ရသည်။ အရွယ်ရောက်လာသည် ဆိုသော်လည်း ထမင်းမချက်တတ်၊ ဟင်းမချက်တတ်။ အမေဖြစ်သူက သင်ပေးသော်လည်း မလုပ်တတ် သဖြင့် နောက်ဆုံးမှာ လက်လျှော့ကာထားလိုက်ရ သည်။ အမေရှိနေသ၍တော့ သူ့ဝမ်းတစ်ထွာအတွက် မပူရ၊ မပင်ရ။ အချိန်တန်တော့ စားနေရသည်။ ကံတရားသည် မြရှင်အတွက် အမြဲတမ်းတော့ မျက်နှာသာပေးမနေခဲ့ပါ။ အသက်အရွယ်လည်းရလာ ပြီဖြစ်သော နေ့စဉ်လည်းနေပူပူတွင် အလုပ်လုပ်ကိုင် နေရသော မြရှင်၏အမေမှာ တစ်နေ့တွင် အပြင်းဖျား လေတော့သည်။

"အင် ဟင်း ဟင်း အင် ဟင်း ဟင်း မြရှင် မြရှင်ရေ မြရှင်"

အပြင်းဖျား၍ ကယောင်ကတမ်းနှင့် သူ့အမည်ကို ရေရွတ်ခေါ်နေသော အမေလုပ်သူအနီးမှာ မြရှင် တစ်ယောက်ကတော့ ထိုင်ရမလို၊ ထရမလို ခြေမကိုင် မိ၊လက်မကိုင်မိ ဖြစ်နေတော့သည်။ မြရှင်၏ အမေမှာ ခြေထောက်တွင် ငုတ်ထိုးမိသောအနာမှာ ရင်း၍ အဖျားဝင်ခဲ့ခြင်းဖြစ်သည်။ အမေဖြစ်သူ အိပ်ရာထဲ ဘုံးဘုံးလဲခါမှ အစကတည်းက ဘာမှမလုပ်တတ်၊ မကိုင်တတ်သော မြရှင်မှာ အခက်ကြုံတွေ့ရတော့ သည်။ အမေနေမကောင်း၍ မည်သူ့ထံအကူအညီ တောင်းရမည်မှန်း သူမသိ။ ရွာထဲမှ မည်သည့်အိမ်ကို မှလည်း သူမရောက်ဖူး။ နေမကောင်းသောအမေကို မည်သည့်ဆေးတိုက်ရမည်ဆိုသည်ကိုလည်း သူမသိ။ နေမကောင်း၍ ညည်းညူနေသော အမေ့အနားတွင် ဘာမှမလုပ်တတ်သည့်အဆုံး ကျုံ့ကျုံ့လေးထိုင်ကာ မှိုင်နေ၊ ငိုင်နေရတော့သည်။ နောက်ဆုံးတွင် အလုပ် မလာ၍ အလုပ်ရှင်များက လိုက်လာမှသာ မြရှင်၏ အမေ နေမကောင်းမှန်းသိကြပါတော့သည်။

"မြမေရေမြမေ ဘယ်သွားတုံးဟဲ့ အလုပ်ခေါ်ထား တာ ဘာလို့မလာတာတုံး"

ခေါ်မကြား၊ အော်မကြား ဒေါ်မြမေတို့သားအမိကို ဒေါ်အေးပုံ ဆက်မခေါ်တော့ဘဲ အိမ်ကလေးအနီးသို့ ရောက်အောင်သာ လာခဲ့ပါတော့သည်။

"ဟဲ့ မြရှင် နင့်အမေ ဘာဖြစ်လို့တုံး။ အလုပ်လုပ်ဖို့ ခေါ်ထားတာ မလာလို့"

ဒေါ်အေးပုံမှာ ပြောပြောဆိုဆိုနှင့် သူတို့တဲ အိမ်လေးအတွင်း ငုံ့ကြည့်လိုက်သောအခါမှ ညည်းညူ နေသောမြရှင်၏အမေကိုတွေ့ကြရသည်။

"အင်း ဟင်း ဟင်း အင်း ဟင်း ဟင်း"

"ဟဲ့ မြရှင် နင့်အမေနေမကောင်းဘူးလား။ ဘာဆေးမှမတိုက်ဘူးလား"

ဒေါ်အေးပုံ ဘယ်လောက်ပဲမေးမေး ဘာတွေ ဘယ်လောက်ပဲပြောပြော မြရှင်ထံမှ တုံ့ပြန်စကား ကိုကား မရရှိခဲ့။ မေးသူကိုသာ မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေလေသည်။

"နင်နဲ့တော့ ခက်တော့တာပါပဲ မြရှင်ရယ်။ နေအုံး နေအုံး ငါရေနွေးပူပူလေးနဲ့ မုဆိုးကျော်လေးယူခဲ့မယ် နင်တို့သားအမိတော့ ခက်တယ်ခက်တယ်။ သမီး ကလဲ ဘာမှမလုပ်တတ်၊ မကိုင်တတ် အမေကလဲဘာမှ မခိုင်း အင်း ငါတော့ မပြောချင်တော့ပါဘူးအေ"

ဒေါ်အေးပုံမှာ အိမ်သို့ပြန်ကာ ရေနွေးနှင့် မုဆိုးကျော်ယူကာ ဒေါ်မြမေကို တိုက်သည်။

"ဟဲ့ မြရှင် လုပ်စမ်းအုံး ကူစမ်းအုံး မြမေ ဟဲ့ မြမေ နင်ပါးစပ်မဟနိုင်ဘူးလားဟင်။ ဟမရဘူးလား။ ခက်ပါ့အေ ခက်ပါ့ ကိုယ်ကျိုးတော့ နည်းတော့မှာပါပဲ မြရှင်ရယ်"

မြရှင်၏အမေမှာ မေးကခိုင်နေလေပြီ။ ဆေး သောက်ရန် ပါးစပ်ပင် မဟနိုင်တော့။ အချိန်တို့ကား လွန်သွားခဲ့လေပြီ။ ငုတ်ထိုးမိသော ခြေထောက်မှ အနာသည် နေ့စဉ်ရက်ဆက် ကောက်စိုက်လိုက်နေရ သဖြင့် သန့်ရှင်းစွာမထားနိုင်ခဲ့သောကြောင့် မေးခိုင်ပိုး ဝင်ကာ အဖျားဝင်ခဲ့ခြင်းဖြစ်သည်။ အချိန်မီဆေး ကုသမှု မလုပ်နိုင်ခဲ့သောကြောင့် မြရှင်၏အမေသည် သမီးကို လောကအလယ်တွင် တစ်ယောက်တည်း မထားရက်ခဲ့နိုင်သော်လည်း ထားသွားခဲ့ရချေပြီ။ အမေသည်သာ သူ့ဘဝ။ အမေသည်သာ သူ့ကမ္ဘာဟု မှတ်ယူထားခဲ့ရှာသော မြရှင်ခမျာ သူ့ကမ္ဘာကြီး ကွယ်ပျောက်သွားခဲ့ရလေပြီ။ အသက်မဲ့နေသော အမေ့ရုပ်အလောင်းကို မျက်လုံးအဝိုင်းသားနှင့်သာ ကြည့်နေခဲ့ရှာသော မြရှင်မှာငိုစရာမျက်ရည်များမပါ ခဲ့လေသလား။ငိုပဲမငိုတတ်၍လားမပြောတတ်ပါ။ အမေ သေသည်ကိုပင် မျက်ရည်တစ်ပေါက်မှကျမလာခဲ့ပေ။

"ဟဲ့ မြရှင် ငိုချင်ရင် ငိုချလိုက်လေ ဟဲ့ ငိုလိုက် ငိုလိုက်"

ငိုလိုက် ငိုလိုက်ဟု ပြောဆိုနေသော်လည်း မြရှင် တစ်ယောက် မျက်ရည်တစ်ပေါက်မှကျမလာခဲ့။ အမေ ရှိတော့ ဝတ်ရသည်။ အမေရှိတော့ စားရသည်။ ယခု အမေမရှိတော့ သူ့ဘဝဘယ်လို ဆက်လျှောက်ရမည် နည်း သူတွေးမိလေသလား၊ မတွေးမိလေသလား၊ မည်သူမျှ အတတ်မပြောနိုင်။ သူ့ဘဝသည်ကား ဘာမျှ မပြည့်စုံရှာတော့ပါ။

(၃)

မြရှင်တစ်ယောက် သူ့အမေရှိစဉ်ကလို သူ့ကမ္ဘာ တဲအိမ်လေးထဲမှာနေ၍ ဘယ်မှမထွက်ဘဲနေမရ တော့။ အမေရှိစဉ်ကလို အမေသည်သာ သူ့ကမ္ဘာဆို ပြီး နေ၍မရတော့။ ဝမ်းကဟာလာလျှင် ဗိုက်ပြည့်ဖို့ အတွက် အစားအစာလိုအပ်လာသည်။ အပူ၊ အအေး ဒဏ်ခံနိုင်ဖို့အတွက် အဝတ်အစားရှိဖို့လိုအပ်သည်။ သူဗိုက်ဆာလာလျှင် ရွာထဲမှ အိမ်တချို့ရှေ့တွင် သွား၍ ငုတ်တုတ်ကလေးထိုင်နေတတ်သည်။ အချို့ အိမ်များက ထမင်းကလေး၊ ဟင်းကလေးများထည့် ကာ ပေးတတ်သည်။ အချို့အိမ်များကတော့ မပေး ကြ။ မပေးဆိုသည်မှာလည်း မြရှင်လာသည့်အခိုက် နှင့် အိမ်ရှင်များ အလုပ်သွားခိုက်ကြုံနေသည့်အခါ များနှင့်တိုက်ဆိုင်နေ၍ဖြစ်ပါသည်။ တစ်ခါမပေးလျှင် နောက်တစ်ခါ ထိုအိမ်သို့ သွားမတောင်းတော့သော မြရှင်ရယ်ပါ။ သူ့အကြောင်း သိလာကြသဖြင့် အိမ်ရှင် များကလည်း တောသွား၍ လူမရှိလျှင်ပင် ထမင်းထုပ် ကလေးများကို ခြံစည်းရိုးတွင် ချိတ်ထားခဲ့ကြသည်။ ထိုသို့ ချိတ်ထားသည်ကိုတွေ့လျှင်တော့ မြရှင်မှာ ယူသွားတတ်ပါသည်။ စားစရာမရှိ၊ဝတ်စရာမရှိ၍ ခိုးခြင်း၊ ဝှက်ခြင်းအလုပ်များကိုတော့ မြရှင် ဘယ်သောအခါမှ မလုပ်တတ်ပါ။ အချို့အိမ်များက သူဝတ်ရန် အဝတ်အစားများပေးလျှင် ယူသွားတတ် သည်။ ဤသို့ဖြင့် မြရှင်၏ စားဝတ်နေရေးမှာ အဆင်ပြေနေခဲ့ပါသည်။

(၄)

ထမင်းတောင်းသည့်အချိန်မှလွဲ၍ မြရှင်မှာ သူ့အိမ်လေးထဲမှနေ၍ ဘယ်မှထွက်လေ့မရှိ။ ရွာထဲမှ လူများကိုလည်း သူသိပုံမရပါ။ ပြုံးခြင်းရယ်ခြင်း လည်းမရှိ။ ပကတိ မူသေမျက်နှာနှင့်လမ်းလျှောက် နေသောမြရှင်သည် ကျောက်ရုပ်တစ်ရုပ်လိုပင်။

ယခုတလော မြရှင် ထမင်းလာတောင်းလျှင် ရွာထဲမှလူများ သူ့ကိုသတိထားကာ ကြည့်နေမိကြ သည်။ အဘယ်ကြောင့်ဆိုသော် ပိန်ပိန်ပါးပါးဖြစ်သော မြရှင်၏ဗိုက်မှာ တစ်နေ့တစ်ခြား ပူပူလာသည်ကို တွေ့လာရသောကြောင့်ဖြစ်သည်။ ပြောရလျှင်တော့ အပျိုဗိုက်ဖြစ်သည့်အတွက် တော်တော်နှင့်မပေါ်။ လအတော်ရင့်မှသာ ရွာထဲမှလူများ သတိထားမိကြ ခြင်းဖြစ်သည်။ လူစိတ်မရှိသော လူတစ်ယောက်၏ ယုတ်မာမှုကြောင့် မြရှင်လိုအရာရာမပြည့်စုံသော ဘဝထဲသို့ အပြစ်မဲ့လူသားလေးတစ်ယောက်ရောက် ရှိလာခဲ့ရလေပြီ။ ကံ ကံ၏ အကျိုးဆက်များဟုသာ ကံကိုပဲပုံချရတော့ မလိုပင်ဖြစ်ခဲ့ရပေပြီ။ အဘယ် ကြောင့် ဆိုသော် ထိုယုတ်မာသောတရားခံကို မြရှင် ကိုယ်တိုင် ဘယ်သူဘယ်ဝါဟု တပ်အပ်မပြောနိုင်၊ မပြောတတ်ရှာခဲ့၍ဖြစ်ပါသည်။ တရားခံကတော့ လွတ်နေခဲ့ပါသည်။

(၅)

ဤသို့နှင့် မြရှင်၏ ကမ္ဘာလေးထဲသို့ နီတာရဲ ကလေးလေးတစ်ယောက်ရောက်လာခဲ့ရပေပြီ။ ရွာထဲ မှ သက်ကြီးပိုင်းအမျိုးသမီးများ ခန့်မှန်း တွက်ချက် ကာ မြရှင်၏ မီးဖွားခြင်းကိစ္စကို အရပ်လက်သည် နှင့်ပဲ အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြပါသည်။

"မြရှင်ရေ ကလေးကို အနှီးနဲ့ဟောဒီလို သေချာ ထုပ်ရတယ်နော်။ ကလေးကို လေစိမ်းတိုက်ခံလို့ မဖြစ်ဘူးနော်"

ကလေးကို အနှီးနှင့်ထုပ်သည်ကို မြရှင် မျက်တောင်မခတ် သေချာကြည့်နေသည်။

"ကလေးကို နင်နဲ့ထားလို့ မဖြစ်ပါဘူးအေ။ မြရှင်ရယ် ငါ့ကိုပဲဖြစ်ဖြစ် မွေးစားဖို့ ပေးပါလား ဟင်"

ထိုစကားသံအကြားမှာတော့ မြရှင်သည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် ကလေး တောင်းသူအမျိုးသမီးကြီးကို ကြည့်နေပါတော့ သည်။ သူမကြိုက်မှန်းသိ၍ ကလေးကိုမွေးစားဖို့ မတောင်းကြတော့ဘဲ သူနဲ့အတူထားရန်သာ ဆုံးဖြတ် ခဲ့ကြပါတော့သည်။

စာမျက်နှာ ၂၆ သို့ ➤

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုသိမ် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ရာသီ၌ နွေစပါး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ကြီးထောင့်မြို့နယ်တွင် စပါးလျာထားဧက ၇၁၆၉၀ ကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါးဧက ၇၆၆၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အခုနှစ် ကန့်ကြီးထောင့်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၇၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ လက်ရှိ နွေစပါးတွေ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးတွေ ရာနှုန်းပြည့် အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို စပါးမစိုက်မီအချိန်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လဲ အခုလို စိုက်ပျိုးနိုင်ခဲ့တာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါး အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၅ မှအဆက်

ကလေးကို သေချာသန့်စင်ပေးကာ အနှီးနှင့်ထုပ်၍ မြရှင်ကိုပေးကြသည်။ မိခင်ရှိစဉ်ကတည်းက တစ်ခါမှ မပြုံးမရယ်ဖူးခဲ့သော မြရှင်၏ မျက်နှာတွင် အပြုံးပန်းတစ်ပွင့်ကို ထူးဆန်းစွာ ထိုနေ့က တွေ့မြင်ခဲ့ကြရသည်။ တအဲ့အဲ့ငိုနေသော ကလေးငိုသံကြောင့် ပျာပျာသလဲဖြစ်နေရှာသော မြရှင်ကိုကြည့်၍ ကရုဏာသက်ကြရပြန်သည်။ ကလေးကို နို့တိုက်ဖို့ပင် မတတ်သော မြရှင်ခမျာ အမျိုးသမီးကြီးများက သေချာပြသ၍ နို့တိုက်နည်းသင်ပေးသောအခါလည်း တတ်သိ နားလည်လွယ်နေပြန်ပါသည်။ကလေးမှာလည်း ဖြူဖြူဖွေးဖွေးနှင့် ဝဝကစ်ကစ်ချစ်စဖွယ်ကလေးဖြစ်သည်။ မြရှင်၏သီးခြားကမ္ဘာလေးထဲမှာတော့ သူ့သားကလေးရောက်ရှိလာသဖြင့် ပို၍စိုစိုပြည်ပြည်ဖြစ်လာခဲ့ရပါသည်။

(၆)

မီးတွင်းရက်များတွင် မြရှင်စားရန်အတွက် အလှည့်ကျ ထမင်းပို့ပေးခဲ့ကြသည်။ ကလေးလအတော်ကြီးလာမှသာ မြရှင်ရွာထဲသို့ ထမင်းလှည့်တောင်းခြင်းအလုပ်ကို ပြန်လုပ်လာခဲ့သည်။ လာပို့ပေးသည်ကို အားနာ၍ပဲလား မပြောတတ်။ သားကလေးကို ကျစ်ကျစ်ပါအောင်ထုပ်၍ သေချာပွေ့ချီကာ အိမ်ပေါက်ဝများတွင် ထမင်းပြန်တောင်းနေသည်။ အချို့က သူ့ကလေးကို မွေးစားရန်တောင်းကြသည်။ အချို့က သူ့ဒုက္ခကို မကြည့်ရက်၍ တောင်းကြခြင်းဖြစ်သလို အချို့မှာ သူ့ကို စနောက်လို၍ တောင်းကြခြင်းဖြစ်သည်။ မြရှင်မှာ သူ့ကလေးကို တောင်းသည့် အိမ်များသို့ နောက်ထပ် ဘယ်တော့မှ ထမင်းသွား၍ မတောင်းတော့ချေ။

မြရှင်၏ သားကလေးမှာ ရယ်တတ်၊ပြုံးတတ်၍ ခိုးခိုးခစ်ခစ် အသံများပင်ထွက်တတ်နေပေပြီ။ ဟိုတစ်ချိန်က တိတ်ဆိတ်ခဲ့သော တဲအိမ်ကလေးထဲတွင် ကလေးရယ်သံ၊ ကလေးငိုသံ မဆိုတတ်၊ ဆိုတတ်နှင့် အင်း အင်း အဲ အဲတေးဆို၍ ကလေးချော့နေသော မြရှင်၏ အသံတို့က နေ့စဉ်သက်ဝင်လှုပ်ရှားလို့နေလေသည်။

တဲကလေးအတွင်းမှာတော့ အင်းအင်း အဲ အဲသီချင်းတအေးအေးနှင့် မြရှင်တို့သားအမိ သာယာကြည်နူးနေကြသည်။ ကလေးကို နို့တိုက်ချိန်တန်လျှင် နို့တိုက်သည်။ ရေချိုးပေးချိန်တန်လျှင် ရေချိုးပေးသည်။ ပြီးလျှင်အနှီးနှင့်ကျစ်ကျစ်ပါအောင်ထုပ်ကာ သားအမိနှစ်ယောက် သနပ်ခါးအဖွေးသားနှင့် ရွာထဲသို့ထမင်းတောင်းထွက်ကြသည်။ ထိုအချိန်များသည် မြရှင်အတွက်တော့ အပြုံးစွက်သည့် နေ့ရက်များပဲဖြစ်ခဲ့ပါသည်။ တဲကလေးသည်သူ့ကမ္ဘာ၊တဲကလေးသည် သူ့ဘဝဖြစ်ခဲ့ရာမှ ယခုတော့ သားကလေးသည် သူ့ကမ္ဘာ၊သားကလေးသည် သူ့ဘဝဖြစ်လို့လာခဲ့ပြီမဟုတ်ပါလား။ စားစားသွားသွား သားမျက်နှာကိုသာ တစိမ့်စိမ့်ကြည့်၍ ပီတိဝေနေသော မြရှင်၏ ဘဝလေးသည် အရာရာပြီးပြည့်စုံခဲ့ဟန် တူပါသည်။

(၇)

ကံဇာတ်ဆရာသည် မြရှင်၏တွေ့မြင်ရခဲလှသော အပြုံးတို့ကို ကြာကြာနှစ်လိုခဲ့ဟန်မတူပါ။ ကံကြမ္မာသည် မြရှင်ကို ပြင်းထန်စွာ ရိုက်ပုတ်ခဲ့ပြန်လေပြီ။လသားအရွယ် မြရှင်၏သားကလေးသည်လည်း အဖျားဝင်ကာ မြရှင်၏ဘဝထဲမှ ထွက်ခွာသွားခဲ့ပြန်ပေပြီ။ မြရှင်၏ တဲကလေးထဲမှ ကလေးငိုသံလည်းမကြား၊ ထမင်းလာတောင်းသည်လည်း မတွေ့ကြရသဖြင့် ရွာက သတိထားမိခဲ့ကြသည်။ မြရှင်တို့သားအမိကိုလာကြည့်သောအခါ သားကလေးကိုပွေ့ပိုက်၍ တဲကလေးထဲတွင် ငုတ်တုတ်ထိုင်ကာ မျက်ရည်များ တွေတွေကျနေသော မြရှင်ကိုတွေ့မြင်ကြရသည်။ အမေသေစဉ်ကမျက်ရည်တစ်စက်မကျခဲ့လေသော မြရှင်မှာ အခုတော့ သူ့ပါးပြင်နှစ်ဖက်မှာ မျက်ရည်ချောင်းတို့ အဆက်မပြတ်စီးဆင်းခဲ့လေပြီ။ ရွာသူရွာသားများက တဲအတွင်းသို့ဝင်ကာ ကလေးကို ကြည့်ရန်တောင်းကြသော်လည်း မြရှင်မှာ ကလေးကို မည်သူ့ကိုမှ အထိမခံ၊ အကြည့်မခံ ငြင်းဆန်နေသောကြောင့် နောက်ဆုံးမှာ လက်လျှော့ခဲ့ကြရသည်။ နှစ်ရက်၊ သုံးရက်ကြာသောအခါ ကလေးမှာသေဆုံးခဲ့ပြီဖြစ်သဖြင့် အနံ့များထွက်လာခဲ့သည်။

"မြရှင် နင့်ကလေးက သေနေပြီ ကလေးကို မြေမြှုပ်ဖို့ ငါတို့ကို ပေးလိုက်ပါတော့ဟာ"

ကလေးကို စွန့်ပစ်ရန် တောင်းကြသော်လည်း မြရှင်မှာ ကလေးကို မပေး သူ့ကလေးကိုသာ ပွေ့ဖက်ထား၍ မျက်ရည်များသာ တွေတွေကျနေပါတော့သည်။

"ဟဲ့ မြရှင် နင်ဒီလိုလုပ်နေလို့မရဘူး တော်တော်ကြာရပ်ကွက်ထဲလဲ အနံ့အသက်တွေမကောင်းဖြစ်ကုန်တော့မယ်။ အဲဒီကလေးကို မြေမြှုပ်ရအောင် ပေးလိုက်တော့"

ရွာလူကြီးများမှာ မြရှင်ကို ချော့လိုက်၊ခြောက်လိုက်နှင့် ကလေးကို မြေမြှုပ်ရန်တောင်းနေကြသည်။ မြရှင်မှာ ခေါင်းကိုသာ တွင်တွင်ယမ်း၍ တဲအတွင်းသို့ မည်သူ့ကိုမှ အဝင်မခံဘဲ တဲအတွင်း ဝင်ဖို့လုပ်နေသူများကို ရန်ပြုသလိုလုပ်နေလေသည်။ တဲအတွင်းသို့ မည်သူမှ ဝင်မရ ဖြစ်နေခဲ့သည်။ မရသည့်အဆုံးမှာတော့ ညသန်းခေါင် မြရှင် အိပ်မောကျနေချိန်တွင် သူ၏သေဆုံးနေသော သားကလေးကို တိတ်တဆိတ်ယူကာ အနှီးနှင့်ထုပ်ထားသော ရော်ဘာအရုပ်ကလေးနှင့် အစားထိုးလဲလှယ်ယူကာ မြေမြှုပ်ပေးလိုက်ကြရသည်။

ထူးဆန်းသည်မှာ နောက်တစ်နေ့တွင် မြရှင်မှာ ရွာကလေးမှ ပျောက်ခြင်းမလှပျောက်သွားခဲ့ပါတော့သည်။ မနက်စောစော တောသွားသူအချို့မှာ မြရှင်ကို အနှီးထုပ်ကလေးကိုပွေ့ကာ ရွာအပြင်သို့ထွက်သွားသည်ကို မြင်လိုက်ကြရသည်ဟု ဆိုသည်။ မြရှင်သည် အနှီးနှင့်ထုပ်ထားသော ရော်ဘာအရုပ်ကလေးကို သူ့သားလေးအထင်နှင့် ပွေ့ပိုက်ကာ ရွာမှထွက်သွားခဲ့ဟန်တူပါသည်။

အကယ်၍သာ သူ့ရင်ခွင်တွင် ပွေ့ပိုက်ထားသော အနှီးထုပ်ကလေးသည် သူ့သားလေးမဟုတ်ဘဲ ရော်ဘာအရုပ်ကလေးတစ်ရုပ်ဖြစ်နေသည်ဆိုသည်ကို မြရှင်တစ်ယောက် သိရှိနားလည်သွားသည့်တစ်နေ့ မည်သို့ဖြစ်လာမည်ဆိုသည်ကိုတော့ မည်သူမျှ သိနိုင်တော့မည်မဟုတ်ပါ။ ထိုတစ်နေ့တွင် မြရှင်တစ်ယောက် သားအပေါ်ခိုင်မြဲစွာတုပ်နှောင်ထားသော မေတ္တာနှောင်ကြိုးတို့ကို ဖြတ်တောက်ပစ်နိုင်ပါမည်လား ဆိုသည်ကိုလည်းမည်သူမျှ သိနိုင်ကြတော့မည်မဟုတ်ပါလေ။

## ဘဝတာ လှပရေး

\- အပြုံး ပန်းကိုပန်
အတ္တမာန် မရှိထုံး၊
ကြင်နာ မေတ္တာစစ်နဲ့
ချစ်ခြင်းကိုသုံး။

\- ဖေးကူညီ တစ်သက်လုံး
မဆုံးသည့် ချီးမွမ်းရာ
စည်းလုံးညီညာ၊
ခွဲခြားမှု မရှိစွာ
အသိမှာ မြတ်တရား၊
ရှင်သန်ရာ ဘဝလမ်း
ငြိမ်းချမ်းစေသား။

\- သံသရာ ခရီးသွားတို့
အနှီးထားစို့ ကုသိုလ်မှု၊
ဒုစရိုက် အမိုက်မှား
ရှောင်ရှားအတူ၊
ဖွဲလုံ့လ ဝီရိယကူ
တတ်ပညာယူ ဖြည့်ဆည်းလျက်၊
ခက်ခဲကြုံ မကြောက်တမ်း
လျှောက်လှမ်းရှေ့ဆက်။

\- ကျင့်သိက္ခာ မပျက်ကွက်
ရိုးသားလျက် တွေးမြော်မြင်၊
ရှင်သန်ရာ ကိုယ့်ဘဝ
လှပစေချင်၊
ဗဟုသုတ ဉာဏ်စွမ်းရှင်
မှန်လမ်းတွင် အောင်မြင်ရေး၊
အချိန်ကို တန်ဖိုးထား
ကြိုးစားစို့လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စစ်ကိုင်းမြို့နယ်တွင် ပဲကြီးဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၄ တင်းထွက်ရှိ



**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ပဲကြီးဧကအားလုံး ရိတ်သိမ်းပြီးစီး ပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၄ တင်းထွက်ရှိကြောင်း စစ်ကိုင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၅၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပဲကြီး စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံးရာနှုန်းပြည့် ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲကြီး ၃၅၂၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲကြီးစိုက်ခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ် ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲကြီးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝေါမြို့နယ် အဖျားငှက်ချေးဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ အဖျားငှက်ချေးဝင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်အိနှင့် ဝန်ထမ်းများက အဖျားငှက်ချေးဝင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ပေးရခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ ကျေးရွာပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅၅ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဖျားငှက်ချေးဝင်းကျေးရွာရှိ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်အိက ပြောပြ၍ သိရသည်။

**ကိုညီ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဇီယာဆန်အိတ်ရေ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလ အတွင်း ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလ တစ်လအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ဇီယာဆန်အမျိုးအစား အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီဇီယာဆန်အမျိုးအစား စားကောင်းတဲ့ ဆန်အမျိုးအစား ဖြစ်ပါတယ်။ အဲ့ဒီဆန်တွေကို ရန်ကုန်ဈေးကွက် ကဝယ်ယူမှု များပြားနေလို့ အရောင်းအဝယ် အကောင်းဆုံး အနေအထားဖြစ်ပါတယ်။ အခြား ဆန်တွေနဲ့ယှဉ်ရင် လတ်တလော အနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည့်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု များပြားနေခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး မတ် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ပေါက်ကျေးရွာအုပ်စု ငါန်းကျကျေးရွာနှင့်တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၃၂ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၀၁ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၄၀ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# ကော့မှူးမြို့နယ် တာတိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့မှူး မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက တာတိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ တာတိုက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ် တာတိုက်ကျေးရွာ၌ အရှည် ၅၆၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် ဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# အစေ့ထုတ်ပြောင်းသီးနှံသုတေသနနှင့် ဗီဇအရင်းအမြစ်များ

နေအောင်(YAU)

မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာလုပ်ငန်းများအနက် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် အဓိကအရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် နေရာယူလျက်ရှိသည်။ အစေ့ထုတ်ပြောင်းသီးနှံကို အဓိကအားဖြင့် လူနှင့် တိရစ္ဆာန်အစာအဖြစ်အသုံးပြုပြီး ဇီဝလောင်စာနှင့် စက်မှုကုန်ကြမ်းများအဖြစ်လည်း အသုံးဝင်သော သီးနှံဖြစ်သည်။ ပြောင်းသီးနှံသည် စပါးပြီးလျှင် ပြည်ပဝင်ငွေအများဆုံးရသော သီးနှံဖြစ်သည်။ တောင်သူများအနေဖြင့် ပြောင်းသီးနှံကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း၌အသုံးပြုရန် ဖူလုံသည်သာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိသော သီးနှံဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်းစိုက်ဧရိယာ ဧက ၄၇၈ ဒသမ ၄ သန်း စိုက်ပျိုးပြီးထုတ်လုပ်မှု တန်ချိန်ပေါင်း သန်း ၁၁၆၀ ကျော်ရှိသည်။ မြန်မာ နိုင်ငံ၌ ပြောင်းစိုက်ဧရိယာ ဧက ၁ ဒသမ ၅ သန်းမှ တန်ချိန် ၂ ဒသမ ၃ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၉ သန်းကျော်ကို ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။ ပြောင်းထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ ၅၉၃ ဒသမ ၁ သန်းရရှိခဲ့သည်။ ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုသည် တစ်ဧက ပျမ်းမျှအထွက် နှုန်း ၉၃ တင်းထွက်ရှိပြီး မြန်မာနိုင်ငံ၏ ပြောင်းသီးနှံ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၆၃ တင်းခန့်သာရှိ သည်။ မြန်မာနိုင်ငံ၏ပြောင်းသီးနှံ အထွက်နှုန်းသည် ကမ္ဘာ့ပြောင်းသီးနှံ အထွက်နှုန်းနှင့်နှိုင်းယှဉ်ပါက သိသိသာသာလျော့နည်းနေသည်။ သို့ဖြစ်၍ အထွက်နှုန်းကောင်းစေသော ပြောင်းမျိုးများကို စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းကောင်းမွန်စေသည့် စိုက်ပျိုးနည်းစနစ်များကို အသုံးပြုခြင်းဖြင့် ပြောင်းအထွက်နှုန်းနှင့် အကျိုးအမြတ်ရရှိမှုသိသာစွာ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

အပင်မျိုးမွေးမြူသူများသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိသည့် အထွက်နှုန်းကောင်းစေသော ပြောင်းမျိုးများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြောင်းမျိုး ရွေးချယ်စိုက်ပျိုးရေးလုပ်ငန်းများကို တပ်ကုန်း စိုက်ပျိုးရေးသုတေသနခြံတွင် ၁၉၆၂ ခုနှစ်မှ ယနေ့ထိပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီး ဌာနလက်အောက်ရှိ အခြားနှံစားသီးနှံသုတေသန ဌာနစုတွင် ၁၉၇၄-၁၉၇၅ ခုနှစ်မှစတင်၍ ပြောင်းသီးနှံ ဆိုင်ရာသုတေသနလုပ်ငန်းများကို ပြုလုပ်ဆောင် ရွက်လျက်ရှိသည်။ ပြောင်းမျိုးရွေးချယ်စိုက်ပျိုးခြင်း လုပ်ငန်းလုပ်ဆောင်ရာတွင် ပြောင်းမျိုးများ၏ဒေသ အလိုက်သင့်လျော်ကောင်းမွန်သောမျိုးများ၊ ပြောင်း ရွက်ဖုံးခြောက်ရောဂါ၊ ပြောင်းရွက်ခြောက်ရောဂါ ဒဏ်ခံနိုင်ရည်ရှိသော မျိုးများ၊ ရေငတ်ဒဏ်ခံနိုင်ရည် ရှိသောမျိုးများ၊ သက်လျင်မျိုးများနှင့် ပရိုတင်း ဓာတ်ပါဝင်မှုမြင့်မားသော ပြောင်းမျိုးများရရှိရန် ရည်ရွယ်၍ ရွေးချယ်စိုက်ပျိုးခြင်းလုပ်ငန်းများဆောင် ရွက်နေသည်။

ပြောင်းမျိုးရွေးချယ်စိုက်ပျိုးခြင်းလုပ်ငန်းများ၏ အခြေခံအကျဆုံးလုပ်ငန်းမှာ ဗီဇကွဲမျိုးများကို စနစ် တကျ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း သီးနှံဗီဇအရင်းအမြစ်များ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းကို အစားအစာ လုံခြုံစိတ်ချမှုရှိစေရန်၊ ပြောင်းလဲလာသောရာသီဥတု နှင့်လိုက်လျောညီထွေရှိသောမျိုးများ ထုတ်လုပ်နိုင် ရန်၊ ဂေဟစနစ်ထိန်းသိမ်းထားနိုင်ရန်၊ အပင်မျိုး







သုတေသနပြုထားသော ပြောင်းဗီဇမျိုးကွဲများ၏ ရုပ်သွင်ပြင်လက္ခဏာများကွဲပြားပုံကို တွေ့ရစဉ်။

စိုက်ပျိုးရွေးချယ်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် နှင့် စိုက်ပျိုးစီးပွားရေးကဏ္ဍများ တိုးတက်လာစေ ရန်ရည်ရွယ်၍ ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သည်။

ယခုလက်ရှိကာလတွင် ပြောင်းစိုက်တောင်သူ အများစုသည် အစေ့ထုတ်ပြောင်း၊ ပြောင်းချိုနှင့် ပြောင်းစေးမျိုးများစိုက်ပျိုးရာတွင် ပြည်ပမှတင်သွင်း သောပြောင်းမျိုးများကို ဝယ်ယူစိုက်ပျိုးလျက်ရှိ သောကြောင့် တောင်သူများကိုယ်တိုင်နှစ်စဉ် ပြောင်း မျိုးစေ့များစုဆောင်း၍ အစဉ်အဆက်စိုက်ပျိုးခဲ့ကြ သော ဒေသပြောင်းမျိုးများ ကွယ်ပျောက်ဆုံးရှုံးမှုကို ရင်ဆိုင်နေရသည်။ ဒေသမျိုးများကွယ်ပျောက်ဆုံးရှုံး လာသည်သာမက အခြားတစ်ဖက်တွင်လည်း ရာသီ ဥတုဖောက်ပြန်ပြောင်းလဲလာမှုကြောင့် သီးနှံဖျက်ပိုး နှင့် ရောဂါများ ပိုမိုပြင်းထန်စွာကျရောက်လာသည် ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဒေသပြောင်းမျိုးများစွာရှိပြီး အဆိုပါဗီဇကွဲမျိုးများကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာနရှိ မျိုးစေ့ဘဏ်တွင် စနစ်တကျထိန်းသိမ်း ထားရှိသည်။ ပြောင်းသီးနှံသုတေသနများ ပြုလုပ် ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ပြောင်းမျိုးဗီဇအရင်း အမြစ်များအပြင် ပြည်ပမှမျိုးဗီဇကောင်းများရရှိစေ ရန်အတွက် အပြည်ပြည်ဆိုင်ရာဂျုံနှင့်ပြောင်းသုတေ သနဗဟိုဌာနနှင့်ချိတ်ဆက်၍လည်း သီးနှံဗီဇကွဲမျိုး များ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင် ရွက်လျက်ရှိသည်။ ပြောင်းစိုက်တောင်သူများက လည်း တစ်နိုင်တစ်ပိုင်မျိုးစုဆောင်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ အစုအဖွဲ့၊ ကျေးရွာ၊ မြို့အလိုက် စုဆောင်းထိန်းသိမ်းခြင်းဖြင့် ပြောင်းဗီဇအရင်းအမြစ်များ မျိုးသုဉ်းခြင်းမှကာကွယ် ပေးနိုင်မည်ဖြစ်သည်။

ပြောင်းဗီဇအရင်းအမြစ်များကိုအသုံးပြု၍ ပြောင်း သီးနှံ ရွေးချယ်စိုက်ပျိုးရေးသုတေသနလုပ်ငန်းမှ သဘာဝဝတ်မှုန်ကူးပြောင်းမျိုးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါပြောင်းမျိုးသည် ထိုင်းနိုင်ငံမှရရှိသော ပြောင်းသီးနှံဗီဇကွဲမျိုးလိုင်း၏ အထွက်နှင့် အရည်အသွေးကောင်းမွန်သော လက္ခဏာရပ်များကိုရွေးချယ်၍ သဘာဝဝတ်မှုန်ကူး မျိုးအဖြစ် ရရှိလာခဲ့ခြင်းဖြစ်သည်။

ပြောင်းဗီဇအရင်းအမြစ်များကို စုဆောင်း ထိန်းသိမ်းခြင်းနှင့်အတူ ထိန်းသိမ်းထားသောပြောင်း သီးနှံဗီဇကွဲများကို အပင်မျိုးရွေးချယ်စိုက်ပျိုးခြင်း လုပ်ငန်းတွင် အသုံးပြုရန်အကဲဖြတ်လေ့လာခြင်း သည် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ် သည်။ ယခင်က ပြောင်းသီးနှံဗီဇကွဲများကို ၎င်းတို့ ၏ရုပ်သွင်ပြင်လက္ခဏာတစ်ခုတည်းကိုသာ လေ့လာ ခဲ့ကြသည်။ ယခုအခါ မော်လီကျူလာအမှတ်အသား များကိုအသုံးပြု၍ ပြောင်းသီးနှံမျိုးကွဲများ၏ ဗီဇ ကွာခြားမှုအခြေအနေကို တိကျပြတ်သားစွာလေ့လာ နိုင်သောကြောင့် အပင်မျိုးမွေးမြူရန် မူလမျိုးများ ရွေးချယ်ရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သောမျိုးများကို စနစ်တကျရွေးချယ်၍ မျိုးကူးနိုင်ပြီဖြစ်သည်။

ပြောင်းသီးနှံဗီဇကွဲမျိုးလိုင်း ၂၀၃ လိုင်း၏ဗီဇကွာ ခြားမှုကို မော်လီကျူလာအမှတ်အသား ၄၅ စုံဖြင့် သုတေသနပြုလုပ်ရာတွင် မျိုးအုပ်စုကြီးနှစ်စု ကွာခြားမှုရှိသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ဤသုတေသနပြု၍လေ့လာခဲ့ရာတွင် အပြည်ပြည် ဆိုင်ရာ ဂျုံနှင့်ပြောင်းသုတေသနဗဟိုဌာနမှ ပံ့ပိုးပေးသော ပြောင်းမျိုး B73 ကိုလည်း ထည့်သွင်း အသုံးပြုခဲ့သည်။ B73 သည် ကမ္ဘာ့ပြောင်းသီးနှံ သုတေသနများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နေသောမျိုးဖြစ်သောကြောင့် သုတေသနရလဒ်များ ပိုမိုတိကျခိုင်မာစေရန် အသုံးပြုခြင်းဖြစ်သည်။ မျိုးအုပ်စုများ ခွဲခြားခြင်းသုတေသန၏ ကောင်းကျိုး ရလဒ်များမှာ မျိုးအုပ်စုကြီးနှစ်စုမှ မတူညီကွဲပြား သော မျိုးများအချင်းချင်း မျိုးကူးပေးခြင်းဖြင့် စွမ်းရည်မြင့်မားသော အထွက်ကောင်းမျိုးများရရှိလာ နိုင်ခြင်းဖြစ်သည်။ ယခုအခါတွင် ကမ္ဘာ့နိုင်ငံများတွင် လည်း မော်လီကျူလာအမှတ်အသားများကို အသုံး ပြု၍ မျိုးဗီဇပါဝင်မှု တူညီသောပြောင်းမျိုးများကို မျိုးကူးခြင်းဖြင့် အထွက်နှင့်အရည်အသွေးကောင်း မျိုးပြောင်းများကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိ သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောနည်းပညာ ရပ်များကိုအသုံးပြု၍ သုတေသနပြုလုပ်ခြင်းသည် အချိန်ကုန်သက်သာစေပြီး တိကျခိုင်မာသော အောင်မြင်မှုရလဒ်များ ရရှိလာစေမည်ဖြစ်သည်။

အထွက်ကောင်း ပြောင်းမျိုးရွေးချယ်စိုက်ပျိုး ရာတွင် ပြောင်းမျိုးများ၏ ပေါင်းစပ်စွမ်းရည်နှင့် ပြောင်းမျိုးစွမ်းရည်တို့ကိုလည်း လေ့လာရန်လိုအပ် သည်။ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန် သော ပင်ရင်းမျိုးများနှင့် အခြားပြောင်းမျိုးတွဲများ ရွေးချယ်နိုင်ရန်အတွက် ပေါင်းစပ်စွမ်းရည်ကိုလေ့လာ ခြင်းဖြစ်သည်။ မျိုးကူးရရှိလာသောမျိုးတွဲများသည် ပြောင်းစိုက်တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်စိုက် ပျိုးနေသောမျိုးများထက် အထွက်နှုန်းနှင့် အရည် အသွေး သာလွန်ကောင်းမွန်ခြင်း ရှိ၊ မရှိ သိရှိနိုင် အောင် ပြောင်းမျိုးစွမ်းရည်ကို လေ့လာရန်လိုအပ် သည်။ ထိုသို့လေ့လာခြင်းဖြင့် အလားအလာ ကောင်းမွန်သော ပင်ရင်းမျိုးများနှင့် ပြောင်းမျိုးတွဲများ ကိုရွေးချယ်နိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေး ကောင်း ပြောင်းမျိုးသစ်များ ရရှိလာနိုင်မည်ဖြစ်သည်။ ထို့ပြင် အပင်စိုက်ပျိုးသူများသည် ရရှိလာသော အလားအလာကောင်းပြောင်းမျိုးတွဲများကို ကွဲပြား သော ရေ၊ မြေ၊ ရာသီဥတုနှင့်လိုက်လျောညီထွေမှု၊ ရောဂါနှင့်ပိုးမွှားဒဏ်ခံနိုင်ရည်ရှိ၊ မရှိ သိရှိနိုင်စေရန် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသများတွင်လည်း ဆက်လက်စမ်းသပ်ရမည်ဖြစ်သည်။ ဤကဲ့သို့ စမ်းသပ်သွားခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုအမျိုးမျိုးနှင့်သင့်လျော်ပြီး ရာသီဥတု ပြောင်းလဲလာမှုကိုခံနိုင်ရည်ရှိသော အထွက်ကောင်း ပြောင်းမျိုးများထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး တောင်သူ များအကျိုးစီးပွားတိုးတက်လာ၍ နိုင်ငံ၏စိုက်ပျိုးရေး ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်မည် ဖြစ်ပေသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်ဖို့ စာဖတ်ကြပါစို့ အပိုင်း(၁)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

"စာပေမြင့်မှလူမျိုးတင့်မည်" ဆိုသော စကားသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံး စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် တိုက်တွန်းထားသောဆောင်ပုဒ်ပင်ဖြစ်သည်။ စာဖတ်လိုစိတ်များသော မိသားစုများ၊ လူ့အသိုက်အဝန်းများနှင့်နိုင်ငံများသည် ပဋိပက္ခများလျှော့ချနိုင်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အသိုက်အဝန်းကြီးတစ်ခုလုံး တိုးတက်မှုကိုဖော်ဆောင်နိုင်ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် စာဖတ်လိုစိတ်နည်းသောသူများဖြင့်ဖွဲ့စည်းထားသော လူ့အသိုက်အဝန်းတစ်ခုသည် ရေရှည်တွင် ဆုတ်ယုတ်မှု၊ ဆင်းရဲမွဲတေမှု၊ ပဋိပက္ခများ ကြီးထွားလာမှုတို့နှင့်သာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

**တူးဆွရှာဖွေရရှိနိုင်**

တိုးတက်အောင်မြင်လိုသောသူများသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသော ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များကို အချိန်မီသိရှိနိုင်ရန်၊ ဗဟုသုတရှာမှီးရန်၊ အသိပညာတိုးပွားစေရန်၊ အတွေးအခေါ်မြင့်မားစေရန်နှင့် စိတ်အာဟာရဖြည့်ဆည်းရန်တို့အတွက်စာအုပ်စာပေများကိုနေ့စဉ်ဖတ်ရှုလေ့လာနေကြရသည်။ ထိုသို့ စာပေလေ့လာဖတ်ရှုရာတွင် စာဖတ်သူ၏ အသက်အရွယ်၊ ပညာအရည်အချင်း၊ စိတ်ပါဝင်စားမှု၊ ကာလဒေသတို့အပေါ်မူတည်၍ ဖတ်ရှုသည့်စာပေအမျိုးအစားသည်လည်း ကွဲပြားနိုင်ပေသည်။ ''စာအုပ်စာပေလူ့မိတ်ဆွေ''၊ ''အလိမ္မာစာမှာရှိ''၊ "ပညာရွှေအိုး လူမခိုး" "အလှအတွက် မှန်ကြည့်သလို ဘဝအတွက်စာဖတ်ပါ"ဆိုသော ဆောင်ပုဒ်များသည် မျိုးဆက်သစ်လူငယ်တစ်ဦး၏ ဘဝတိုးတက်အောင်မြင်ရေးတွင် မရှိမဖြစ်အရေးပါလှသော ဗဟုသုတ၊ အသိပညာနှင့် အတွေးအခေါ်တို့ကို စာအုပ်စာပေများမှသာ တူးဆွရှာဖွေရရှိနိုင်ပါသည်။

**စာဖတ်အားနည်းလာ**

လူတစ်ဦးသည် ပုံမှန်အတန်းပညာကို ပြီးဆုံးသည့်တိုင်အောင်သင်ယူခွင့်မရရှိခဲ့သော်လည်း စာပေကိုသာ ကိုယ်တိုင်လေ့လာဆည်းပူးပြီး စဉ်ဆက်မပြတ်ဖတ်မှတ်သွားမည်ဆိုလျှင် တိုးတက်အောင်မြင်မှုသည် လက်တစ်ကမ်းတွင် ရှိနေပါသည်။ မြန်မာ့သမိုင်းတွင် တိုင်းပြည်တည်ဆောက်ရေး၌ ဦးဆောင်ခဲ့သူများသည် စာဖတ်အားကောင်းသူများပင်ဖြစ်သည်။ သို့သော် မျက်မှောက်ခေတ်တွင်မူ လူကြီး၊ လူလတ်၊ လူငယ်အားလုံးသည် စာဖတ်နှုန်းတဖြည်းဖြည်းကျဆင်းလာကြသည်။

တချို့သောမိသားစုများသည် အားလပ်ချိန်တွင် စာဖတ်သည့်အလေ့အထမရှိဘဲ ရုပ်သံဇာတ်လမ်းတွဲများကိုသာ စွဲစွဲလမ်းလမ်းကြည့်ရှုလာကြသည်။ သားသမီးများကလည်း မိဘများကိုကြည့်ကာ အတုမြင်အတတ်သင်ကြသည်။ အကျိုးဆက်အနေဖြင့် မျိုးဆက်သစ်များ စာဖတ်အားနည်းပြီး အသိပညာဗဟုသုတ ခေါင်းပါးလာကြသည်။ သုတ၊ ရသစာပေများ ဖတ်ရှုမှုအားနည်းသောကြောင့် မေတ္တာ တရားခေါင်းပါးပြီး ဒေါသစိတ်လွှမ်းမိုးလာကြသည်။ ထို့ကြောင့် လူ့အသိုက်အဝန်းသည် ခိုး၊ ဆိုး၊ လုယက်၊ သတ်ဖြတ်မှုများ တဖြည်းဖြည်းထူပြောလာသည်။

လက်ရှိအချိန်တွင် လူအများစုသည် အွန်လိုင်းပေါ်မှ အကြောင်းအရာများကို ဖတ်ရှုရင်း အချိန်ကုန်နေကြသည်။ နေ့စဉ်ထုတ်သတင်းစာများနှင့် သုတရသ စာအုပ်စာပေများကို တစ်ကြိမ်တစ်ခါမျှ မဖတ်ဖူးသောသူများကို တွေ့ရှိလာရသည်။ တချို့သောသူများဆိုလျှင် အချိန်တစ်နှစ်သာ ကုန်ဆုံးသွားခဲ့သော်လည်း အကျိုးပြုစာပေ၊ သုတ၊ ရသ စာပေတစ်အုပ်ကိုမျှမဖတ်ဖြစ်ခဲ့ကြပေ။ ကုန်တိုက်များသို့ ဈေးဝယ်ထွက်ချိန်တွင်လည်း အလှကုန်နှင့်အဝတ်အထည်များကိုသာကြည့်ရှုဝယ်ယူလေ့ရှိသော်လည်း စာအုပ်များတင်ထားသည့် နေရာကိုသွားရောက်လေ့

**❖စာပေလေ့လာဖတ်ရှုရာတွင် စာဖတ်သူ၏ အသက်အရွယ်၊ ပညာအရည်အချင်း၊ စိတ်ပါဝင်စားမှု၊ ကာလဒေသတို့အပေါ်မူတည်၍ ဖတ်ရှုသည့်စာပေအမျိုးအစားသည်လည်း ကွဲပြားနိုင်ပေသည်။ ''စာအုပ်စာပေလူ့မိတ်ဆွေ''၊ ''အလိမ္မာစာမှာရှိ''၊ ''ပညာရွှေအိုး လူမခိုး''၊ ''အလှအတွက် မှန်ကြည့်သလို ဘဝအတွက်စာဖတ်ပါ''ဆိုသော ဆောင်ပုဒ်များသည် မျိုးဆက်သစ်လူငယ်တစ်ဦး၏ ဘဝတိုးတက်အောင်မြင်ရေးတွင် မရှိမဖြစ်အရေးပါလှသော ဗဟုသုတ၊ အသိပညာနှင့် အတွေးအခေါ်တို့ကို စာအုပ်စာပေများမှသာ တူးဆွရှာဖွေရရှိနိုင်ပါသည်။ ❖**

လာခြင်းမရှိသလို ဖတ်မှတ်လေ့လာဖို့ရန် သုတ၊ ရသ စာအုပ်တစ်အုပ်ကိုမျှလည်း ဝယ်ယူခဲ့ခြင်းမရှိခဲ့ပေ။

အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းအသိုက်အဝန်းတွင် စာပေကိုခုံမင်စွာဖတ်ရှုသည့် အရေအတွက်သည် သိသိသာသာကျဆင်းလာပါသည်။ စာဖတ်အားနည်းကြသဖြင့် ပြည်တွင်း၊ ပြည်ပ ဗဟုသုတများကိုထဲထဲဝင်ဝင်မသိရှိကြတော့ပေ။ စာဖတ်နှုန်းနိမ့်ကျနေသမျှ အထူးသဖြင့် နေ့စဉ်ထုတ်သတင်းစာ တစ်စောင်ကိုမျှ ဖတ်ရှုခြင်း မရှိသူတစ်ဦးသည် မည်သည့်နည်းနှင့်မျှ တွေးခေါ်မြော်မြင်နိုင်စွမ်း တိုးတက်လာမည် မဟုတ်ချေ။ တခြားသူပါးစပ်တွင်သာ လမ်းဆုံးနေကြမည်ဖြစ်သည်။ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်အမြင်မရှိဘဲ လက်ညှိုးထောင်၊ ခေါင်းညိတ်အဆင့်လောက်သာရှိမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည်ပင်လျှင် ထိုမျှစာဖတ်နှုန်းနိမ့်ကျနေလျှင် လက်လုပ်လက်စားပြည်သူများအတွက်မူ ဆိုဖွယ်ရာမရှိတော့ပေ။ လက်ရှိအချိန်တွင် တချို့သောသူများသည် ဖုန်းတစ်လုံးဖြင့်သာ သာယာနေပြီး အဖိုးတန်အချိန်များကို အကျိုးမဲ့ဖြုန်းတီးနေကြသည်။ ထိုအပြုအမူသည် ဆုတ်ယုတ်ခြင်းဆီသို့သာဦးတည်စေနိုင်ပေသည်။ အသိပညာ ဗဟုသုတခေါင်းပါးသောသူများဖြင့် ဖွဲ့စည်းထားသော လူ့အသိုက်အဝန်းသည် မှန်ကန်သောလမ်းကြောင်းဆီသို့ ဦးတည်ရွေ့လျားနိုင်မည်မဟုတ်ဘဲ ဆုတ်ယုတ်မှုကိုသာ တဖြည်းဖြည်းလက်ခံလာရမည်ဖြစ်သည်။

**စာဖတ်ရှိန်မြှင့်တင်ရေး**

စာရေးသူသည် ကံကောင်းသည်ဟုဆိုချင်ပါသည်။ လက်ရှိတာဝန်ထမ်းဆောင်နေသော ဌာနတွင် သုတ၊ ရသစာအုပ်များ၊ တရားစာအုပ်များ၊ ပြည်တွင်း၊ ပြည်ပဗဟုသုတလေ့လာနိုင်သည့် အင်္ဂလိပ်စာအုပ်များ၊ သတင်းစာ၊ ဂျာနယ်များ စသည့် စာအုပ်စာပေမျိုးစုံတင်ထားသည့် စာကြည့်တိုက်ကြီးရှိနေသောကြောင့်ပင်ဖြစ်သည်။ ထိုစာကြည့်တိုက်တွင် မိမိဖတ်ရှုလိုသောစာအုပ်ကို တံခါးမရှိဓားမရှိ အလွယ်တကူငှားရမ်းဖတ်ရှုနိုင်သည်။ ငွေကြေးတစ်ပြားတစ်ချပ်မျှမကုန်ကျပေ။ သို့သော် ဌာနရှိ ဝန်ထမ်းတချို့သာလျှင် ထိုစာကြည့်တိုက်သို့ရောက်ရှိကြသည်။ အများစုသည်အချိန်မရှိဘူး၊ အလုပ်မအားဘူးဆိုသောအကြောင်းပြချက်ဖြင့် စာဖတ်လေ့မရှိကြတော့ပေ။ စိတ်မကောင်းစရာပင်။

ထို့ကြောင့် ဌာနအကြီးအကဲသည် ဝန်ထမ်းများ စာကြည့်တိုက်သို့သွားပြီး စာအုပ်ငှားရမ်း ဖတ်ရှုနိုင်ရေးကြဲဆဆောင်ရွက်ခဲ့ရသည်။ ဝန်ထမ်းတစ်ဦးချင်းစီကို စာအုပ်ငှားရမ်းဖတ်ရှုမှု မှတ်တမ်းစာအုပ်များ ထုတ်ပေးလိုက်သည်။ တစ်ပတ်ကြာသည့်အချိန်တွင် ထိုစာအုပ်များကို ပြန်လည်စစ်ဆေးကြည့်ရှုခဲ့ရာ၌ စာအုပ်ငှားရမ်းဖတ်ရှုထားသူများရှိသလို လုံးဝငှားရမ်းထားခြင်းမရှိသူများကိုလည်း တွေ့ရှိခဲ့ရသည်။ အများစုသည် စာကြည့်တိုက်သို့မရောက်ရှိခဲ့ပေ။ အလုပ်များပြီး အချိန်မရှိဟုဆိုကြသည်။ အချိန်ဆိုသည်မှာ လူတစ်ဦး၏စီမံခန့်ခွဲဆောင်ရွက်နိုင်စွမ်းအပေါ်မူတည်နေပါသည်။ မည်သူမျှအချိန်ပြည့်အလုပ်လုပ်မနေရပေ။ နိုင်ငံ့ခေါင်းဆောင်များနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၌ပင်လျှင် စာဖတ်ချိန်၊ မိသားစုနှင့်အတူဖြတ်သန်းချိန်နှင့် နားချိန်တို့ရှိနေပါသည်။

အမှန်တော့ စာဖတ်လိုစိတ်မရှိသော ဝန်ထမ်းများကို ပညာပေးစည်းရုံးသွားရန်လိုအပ်ပါသည်။ သာဓကအနေဖြင့် မြန်မာနိုင်ငံအပါအဝင်ကမ္ဘာတစ်ဝန်းတွင် လတ်တလောဖြစ်ပျက်နေသော အကြောင်းအရာများ၊ သင့်တော်ရာခေါင်းစဉ်များကို ကြိုတင်ချမှတ်ပေးကာ မေးမြန်းဆွေးနွေးမှု ပြုလုပ်သင့်ပေသည်။ ထိုသို့မေးမြန်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဆိုလျှင် ဝန်ထမ်းများသည် စာပေကိုစိတ်ပါဝင်စားသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ မေးခွန်းများ ဖြေဆိုနိုင်ရေးအတွက် ရှာဖွေဖတ်ရှုရတော့မည်ဖြစ်သည်။ စာအုပ်စာပေစဉ်ဆက်မပြတ်ဖတ်ရှုသည့် ဝန်ထမ်းတစ်ဦးသည် တွေးခေါ်မြော်မြင်နိုင်စွမ်းတိုးတက်လာပြီး လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အမှားနည်းလာမည်ဖြစ်သည်။ ထို့ကြောင့် အသိပညာဗဟုသုတပြည့်ဝသောဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသောဌာနနှင့် အင်စတီကျူးရှင်းတစ်ခုသည် အမှားအယွင်းနည်းစွာဖြင့် လုပ်ငန်းမစ်ရှင်အောင်မြင်မှုရရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုမှတစ်ဆင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**အွန်လိုင်းမှစာဖတ်သည်ဟုဆိုရာတွင်**

နည်းပညာဖွံ့ဖြိုးတိုးတက်နေသော မျက်မှောက်ခေတ်ကြီးတွင် ကြိုက်နှစ်သက်ရာအကြောင်းအရာနှင့်စာပေဗဟုသုတတို့ကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ရှာဖွေလေ့လာဖတ်မှတ်နိုင်ပြီဖြစ်သည်။ သို့ရာတွင် အများစုသည် အကျိုးပြုစာပေများကို လေ့လာဖတ်ရှုသည်ထက် လူမှုကွန်ရက်ကိုသာ တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြသည်။ တချို့သောသူများသည်အချိန်ပြည့်နီးပါး ဖုန်းပွတ်နေရသဖြင့် စာမဖတ်နိုင်လောက်အောင်ပင် အလုပ်ပိုရှုပ်လာကြသည်။ အထူးသဖြင့် ဖေ့စ်ဘွတ်ခ်သည် လူကြီး၊ လူလတ်၊ လူငယ်များကြားတွင် ရေပန်းစားလျက်ရှိသည်။ မှန်ကန်ခိုင်လုံသော သတင်းဦး၊ သတင်းထူးများကို ဖေ့စ်ဘွတ်ခ်တွင်မျှဝေပေးခြင်းသည် အကျိုးဖြစ်ထွန်းစေပါသည်။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦးကြား အာဃာတထားပြီး အပြန်အလှန် ဆဲဆိုနေမည်ဆိုလျှင်ဖြင့် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုမိုဖြစ်ပေါ်စေနိုင်ပေသည်။

**ပြောင်းလဲတိုးတက်မှုကို ဖော်ဆောင်ဖို့ စာဖတ်ကြပါစို့**

ဆိုရလျှင် စာရေးသူတို့၏ လူ့ဘဝသည် အိပ်ချိန်ကများပြီး အလုပ်လုပ်ချိန်က နည်းပါးလှပါသည်။ ထိုသို့ တိုတောင်းလှသောကာလအတွင်း လောကလူ့ရွာကို ကောင်းကျိုးပြုနိုင်ခဲ့သူများ ရှိကြသလို အများကောင်းကျိုးမဆိုထားနှင့် မိမိနှင့်မိမိတို့၏ မိသားစုကောင်းကျိုးကိုပင်လျှင် ဆောင်ကြဉ်းနိုင်ခြင်းမရှိသောသူများလည်း ဒုနဲ့ဒေးရှိနေပါသည်။ ထို့ကြောင့် အားလပ်သောအချိန်များတွင် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းတစ်ခုခုကိုမဖြစ်မနေလုပ်ဆောင်သွားသင့်ပေသည်။ အထူးသဖြင့် အပျော်အပါးလိုက်စားမှုလျှော့ချပြီး စာကောင်းပေမွန်များကို အချိန်ပေးပြီး လေ့လာဖတ်မှတ်သင့်ပါသည်။

ထိုသို့စာဖတ်ရာတွင်လည်း မိမိတို့၏ဘဝကို များစွာအထောက်အကူပြုစေနိုင်သည့် စာအုပ်၊ စာပေမျိုးကိုသာ ရွေးချယ်လေ့လာဖတ်ရှုသင့်ပါသည်။ လူတစ်ဦးသည် သုတ၊ ရသစာပေများကို နေ့စဉ်ဖတ်မှတ်လေ့လာသွားမည်ဆိုလျှင် အသိပညာဗဟုသုတတိုးပွားလာမည်ဖြစ်သည်။ ထိုသို့အသိပညာဗဟုသုတတိုးပွားနေသူတစ်ဦးသည် အမှန်၊ အမှားကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သည့် တွေးခေါ်မြော်မြင်နိုင်စွမ်းပါ တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် အကျိုးပြု စာအုပ်၊ စာပေများကို ယခင်ကထက်ပိုမို၍ အရှိန်မြှင့်တင်ဖတ်ရှုသွားကြမည်ဆိုလျှင် ပြောင်းလဲတိုးတက်မှုကို လက်တွေ့ဖော်ဆောင်နိုင်မည့်အပြင် လူ့ဘောင်လောကကြီး တိုးတက်စည်ပင် အေးချမ်းသာယာလှပလာမည်မှာလည်း အမှန်ပင်ဖြစ်ပေတော့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချီလီနိုင်ငံတောင်ပိုင်းတွင် လောင်ကျွမ်းနေသည့်တောမီးကို အရေးပေါ်အခြေအနေသတ်မှတ်



**ဆန်တီယာဂို မတ် ၂၆**

ချီလီနိုင်ငံ တောင်ပိုင်းတွင် မတ် ၂၄ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ရာသီဥတုအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုကို မတ် ၂၅ ရက်မှစ၍ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ၊ စိုက်ပျိုးမြေနှင့် နေအိမ်တချို့ ပျက်စီးခဲ့သည့်အတွက် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းနေသည့် ဧရိယာများမှာ နူဘယ်နယ်မြေ၊ ဘိုင်အိုနယ်မြေ၊ အရာကာနီယာနယ်မြေ၊ လော့ရီယို့စ်နယ်မြေတို့ဖြစ်ပြီး တောမီးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း၊ အဆိုပါဒေသများမှ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

"ချီလီနိုင်ငံတောင်ပိုင်း ဒေသတချို့မှာ တောမီးကူးစက်လောင်ကျွမ်းတာကြောင့် တော်တော်လေးကို ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ နေအိမ်တချို့ကို တောမီးကူးစက် လောင်ကျွမ်းနေတယ်။ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ မိသားစုတွေနဲ့အတူ ထပ်တူခံစားရပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းအောင် အတတ်နိုင်ဆုံး ကူညီပေးသွားမှာပါ။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့လဲ ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြားကို စေလွှတ်ပေးထားပါတယ်"ဟု ချီလီပြည်ထဲရေးဝန်ကြီး အယ်လ်ဗာရိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ပွင့်ဖြူမြို့နယ် ဂါတ်ကုန်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ မတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဂါတ်ကုန်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားပြီး ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအသီးသီးက မီးခိုးမြူငွေ့ အန္တရာယ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ဂါတ်ကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသား ဦးရေ ၂၀၀ တက်ရောက်ခဲ့ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်၌ မတ်လကုန်ပိုင်းတွင် အပူချိန် စံချိန်တင်မြင့်တက်ဖွယ်ရှိနေကြောင်း IMD က ထုတ်ပြန်

**နယူးဒေလီ မတ် ၂၆**

အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ်၌ မတ်လကုန်ပိုင်းတွင် အပူချိန်စံချိန်တင် မြင့်တက်လာဖွယ် ရှိနေကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် မတ်လအတွင်း အပူလှိုင်းဖြတ်သန်းမှုများကြောင့် မတ် ၂၉ ရက်မှစ၍ အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားနိုင်ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၄ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း၊ အပူလှိုင်းသည် အိုဒီရှာပြည်နယ်ကို ဖြတ်သန်းပြီးပါက အနောက်ဘင်္ဂေါပြည်နယ်၊ ဘိုင်ဟာပြည်နယ်၊ ဂျာဟာခန်ပြည်နယ်တို့တွင်ပါ ဖြတ်သန်းဖွယ်ရှိနေပြီး အဆိုပါ ပြည်နယ်များတွင်လည်း မတ် ၃၁ ရက်နောက်ပိုင်း အပူချိန်မြင့်တက်ဖွယ်ရှိနေကြောင်း IMD က ထုတ်ပြန်ကြေညာခဲ့သည်။

"အိုဒီရှာပြည်နယ်မှာ မတ် ၂၉ ရက်ကနေ မတ် ၃၁ ရက်အတွင်း အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားနိုင်ပြီးတော့ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၄ ဒီဂရီစင်တီဂရိတ်ကနေ ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုများသွားနိုင်ပါတယ်။ အိုဒီရှာပြည်နယ်အပြင် အနောက်ဘင်္ဂေါပြည်နယ်၊ ဘိုင်ဟာပြည်နယ်၊ ဂျာဟာခန်ပြည်နယ်တို့မှာလဲ အပူချိန်မြင့်တက်လာနိုင်ပါတယ်"ဟု အိန္ဒိယမိုးလေဝသဦးစီးဌာန (IMD)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။




Ref : Sputnik News
Trs : Sai Sat

# ပြင်သစ်နိုင်ငံ ဖော့ဆာမာနယ်မြေတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်ပြီး Arcelor Mittal ကုမ္ပဏီကို စွဲချက်တင်

**ပဲရစ် မတ် ၂၆**

ပြင်သစ်နိုင်ငံ ဖော့ဆာမာနယ်မြေတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်ပြီး ဖော့ဆာမာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက သံမဏိစက်ရုံများလည်ပတ်ဆောင်ရွက်နေသည့် Arcelor Mittal ကုမ္ပဏီကို ဖော့ဆာမာတရားရုံးတွင် စွဲချက်တင်လိုက်ကြောင်း မာဆေးလ်မြို့ အစိုးရရှေ့နေများအသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Arcelor Mittal ကုမ္ပဏီသည် ကမ္ဘာ့သံမဏိ ဈေးကွက်တွင် သံမဏိဒုတိယအများဆုံး ထုတ်လုပ်နိုင်သည့်ကုမ္ပဏီဖြစ်ပြီး Arcelor Mittal ကုမ္ပဏီ၏ စက်ရုံများမှ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုများသည် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော ပမာဏတစ်ရပ်ဖြစ်ကြောင်း၊ Arcelor Mittal ကုမ္ပဏီကို ၂၀၁၈ ခုနှစ်တွင် ပြင်သစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူအဖွဲ့အစည်းဖြစ်သည့် အစိုးရမဟုတ်သည့် NGO အဖွဲ့အစည်းများပူးပေါင်း၍ တရားစွဲဆိုမှုပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

"Arcelor Mittal ကုမ္ပဏီဟာ ဖော့ဆာမာနယ်မြေမှာ သံမဏိစက်ရုံတွေ လည်ပတ်နေတာရှိတယ်။ သံမဏိစက်ရုံတွေကနေ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေ ထုတ်လွှတ်နေတယ်။ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်တဲ့ ပမာဏထိ ထုတ်လွှတ်နေပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့အညီစွဲချက်တင် တရားစွဲဆိုမှုပြုလုပ်ထားပါတယ်"ဟု မာဆေးလ်မြို့အခြေစိုက် အစိုးရရှေ့နေများအသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျူလီအန်ဒရူးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သြစတြေးလျနိုင်ငံ တောင်သြစတြေးလျပြည်နယ်တွင် ဟိုက်ဒရိုဂျင်လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားမည်

**ကင်ဘာရာ မတ် ၂၆**

သြစတြေးလျနိုင်ငံ တောင်သြစတြေးလျ ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်နှင့်ကိုက်ညီမည့် ဟိုက်ဒရိုဂျင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း စင်ကာပူအခြေစိုက် စွမ်းအင်ကုမ္ပဏီဖြစ်သော Trafigura ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဟိုက်ဒရိုဂျင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် သြစတြေးလျဒေါ်လာ သန်း ၇၅၀ ထိ အသုံးပြုသွားမည်ဖြစ်ပြီး ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို လျှော့ချနိုင်ရေးအတွက် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟိုက်ဒရိုဂျင်လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းကို ပီရီဆိပ်ကမ်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး တောင်သြစတြေးလျပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်းTrafigura ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

"တောင်သြစတြေးလျပြည်နယ်မှာ ဟိုက်ဒရိုဂျင်လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်သွားဖို့အတွက် ပြင်ဆင်မှုအနေနဲ့ သုတေသနလုပ်ငန်းတွေကို ၂၀၂၃ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ သုတေသနလုပ်ငန်းအတွက်လဲ သြစတြေးလျဒေါ်လာငါးသန်းထိ အကုန်အကျခံခဲ့တယ်။ အခု စီမံကိန်းကို စတင်အကောင်အထည်ဖော်သွားတော့မှာ ဖြစ်ပါတယ်။ ပီရီဆိပ်ကမ်းမှာ တည်ဆောက်သွားမှာဖြစ်ပြီးတော့ စီမံကိန်းအတွက် သြစတြေးလျဒေါ်လာ သန်း ၇၅၀ ထိ အသုံးပြုသွားမှာဖြစ်ပါတယ်"ဟု Trafigura ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat







**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးအိုက်အောင်၏သမီး မခန့်ရတီအောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၀၀၇၄၆၂

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးအိုက်အောင်၏သမီး မခန့်ဝတီအောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၀၀၇၄၆၂

**ပျောက်ဆုံးကြောင်း**

ဝမ်းတွင်းမြို့နယ်၊ ဇီးကုန်းကျေးရွာနေ မမျိုးမျိုးဦး (ဘ) ဦးခင်မောင်ဝင်း(၉/ဝတန(နိုင်)၁၄၅၅၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၇၆၆၅၀၀၇၆၈

**ပျောက်ဆုံးကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ ဦးမျိုးထွန်း (ဘ) ဦးအမိန်(၉/မနမ(နိုင်)၀၉၃၀၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၀၅၁၈၈၈

**အမြန်ပြန်လာပါ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော် အနောက်ရပ်ကွက်နေ မောင်အေးဇင်ဝင်း (၉/မဟမ(နိုင်)၀၃၅၂၂၂) သည် ၁၆-၃-၂၀၂၅ ရက်နေ့တွင် နေအိမ်မှ မိဘနှင့်စိတ်ဆိုးပြီး ထွက်သွားရာမှ ပြန်မလာသဖြင့် မိဘများစိတ်ပူနေပါသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါရန်။ တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန်။

ဦးတင်ဝင်း
(၉/မနတ(နိုင်)၀၄၀၂၈၁)
၀၉-၇၇၀၂၃၃၃၁၅၂

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြစဉ်။

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုကန်တော့

နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၅ ဦးနှင့် ဇနီးခြောက်ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ယနေ့ထုတ် ရတနာပုံသတင်းစာတွင် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထူးအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

# ရတနာပုံ

## အထူးထုတ်

yadanabonnews.com

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက်၊ ကြာသပတေးနေ့၊ (27-3-2025)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



# တစ်ကြောင်းတည်းသောလမ်းပေါ်မှာ ထာဝရလျှောက်လှမ်းနေမည့် မြန်မာ့တပ်မတော်



နွေရောက်သည်နှင့် ရွက်ဟောင်းတို့ ကြွေ၍ ရွက်နုရွက်သစ်တို့က တစ်ကျော့ပြန်လည်ပွင့်လန်းဖို့ အားယူစပြုနေသည်။ ရဲရဲနီသော လက်ပံတို့၏ အလှကလည်း နွေသရုပ်ကို ပီပီပြင်ပြင်ဆေးခြယ်နေသကဲ့သို့ ဥဩငှက်ပျိုတို့၏ လွမ်းလွမ်းဆွေးဆွေး တွန်ကျူးသံများကလည်း နွေကို ပိုပြီး တင့်တယ်စေလျက်ရှိသည်။ နွေနှင့် မြန်မာ့သမိုင်း၊ မြန်မာ့သမိုင်းနှင့် နွေသည် ဘာသာရေး၊ လူမှုရေး၊ နိုင်ငံ့အရေး မည်သည့်ရှုထောင့်ကပင်ကြည့်ကြည့် ထင်ဟပ်ဆက်စပ်နေခဲ့သည်။ နွေသည် နဂိုမူလသဘာဝဥတုအချိန်အခါကိုသာ ညွှန်းဆိုပြသခဲ့သည်မဟုတ်။ နွေနှင့်အတူ လွတ်လပ်ရေးအောင်ပွဲကြီးဖြစ်ပေါ်လာစေဖို့ နယ်ချဲ့တော်လှန်ရေးကြီးတစ်ခု မြန်မာ့မြေပေါ်ဝယ်ပေါ်ပေါက်ခဲ့ရ၏။ နီရဲသောလက်ပံတို့က အောင်နိုင်ခြင်းအတွက် အထိမ်းအမှတ်သင်္ကေတတစ်ခုဖြစ်ခဲ့သည့် အားလျော်စွာ ဥဩငှက်တို့၏ တေးချင်းတို့ကလည်း မြန်မာ့မြေပေါ်မှ တိုင်းရင်းသားပေါင်းစုံတို့၏ နှလုံးအိမ်သို့ ပို့ဆောင်ပေးခဲ့သည့် ရဲစိတ်ရဲမာန်ဂီတစည်းချက်များ သဖွယ်ထင်မှတ်မှားခဲ့ရ၏။ လက်ပံတို့ရဲရဲနီသော၊နွေလေရူးတို့ မွှေနှောက်သော၊ ဥဩတို့ သံစုံသီကျူးသော၊ အဟောင်းတို့ကြွေ အသစ်တို့ဝေသော ဤကာလဝယ် မဖိတ်ခေါ်ဘဲရောက်လာကြသည့် ကျူးကျော်သူနယ်ချဲ့ဖက်ဆစ်တို့ကို အမိမြေပေါ်မှ ဝိုင်းဝန်းနှင်ထုတ်ခဲ့ကြပါ၏။ တပ်မတော်သားများ၊ မျိုးချစ်တိုင်းရင်းသားပေါင်းစုံရဟန်းရှင်လူယောကျ်ား၊ မိန်းမ မခွဲ ပြည်သူတစ်ရပ်လုံး ညီညွတ်မှုစွမ်းအားကိုယ်စီဖြင့် တပ်မတော်နေ့ကြီးဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ၈၀ တည်းဟူသော အခါသမယကိုပင်ရောက်ရှိခဲ့ပေပြီ။၁၉၄၅ ခုနှစ် မတ် ၂၇ ရက်။ ပြည်သူတစ်ရပ်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ခဲ့ကြ။လွတ်လပ်ရေး၊ သူတစ်ပါးဖိနှိပ်မှုအောက်က လွတ်မြောက်ရေး၊ ကိုယ်ပိုင်အချုပ်အခြာအာဏာဖြင့် ပြန်လည်နေထိုင်ခွင့်ရရှိရေးဟူသောခံယူချက်၊ယုံကြည်ချက်တို့ဖြင့် တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို ပြသခဲ့ကြသောနေ့။ ထိုနေ့သည် တပ်မတော်နေ့ စတင်သန္ဓေတည်ရာနေ့ဖြစ်ခဲ့သည်။တိုင်းပြည်၏အထိမ်းအမှတ်ရက်စွဲတစ်ခုအဖြစ် "တော်လှန်ရေးနေ့"ဟု သတ်မှတ်ခဲ့ရာမှ ၁၉၅၅ ခုနှစ်မှ စတင်ကာ "တပ်မတော်နေ့"အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်၏။ နယ်ချဲ့ဗြိတိသျှတို့သည် မိမိတို့နိုင်ငံကိုသာမက အိမ်နီးချင်းအိန္ဒိယနိုင်ငံကိုလည်း ထိုနည်းအတိုင်း နယ်ချဲ့ခဲ့ကြ၏။ မကြာသေးမီက အိန္ဒိယဇာတ်ကားတစ်ကားကြည့်လိုက်ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော်ခိုးဝင်ကြသူများအကြောင်း ရိုက်ထားသော ဇာတ်ကားဖြစ်၏။ ထိုဇာတ်ကားတွင် မင်းသားကြီးရှုရွတ်ခန်းက ဗြိတိသျှအင်္ဂလိပ်တို့နှင့်ပတ်သက်၍ "သူတို့က ငါတို့နိုင်ငံကိုကျတော့ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်ခဲ့ကြတယ်၊ ငါတို့ဘာသာစကားကိုလဲ သူတို့နားမလည်ဘူး၊ အခုငါတို့နိုင်ငံသားတွေ သူတို့နိုင်ငံထဲကို မဖြစ်မနေသွားဖို့လိုတဲ့အခါကျတော့ တစ်ရက်နေနေ၊ နှစ်ရက်နေနေ အင်္ဂလိပ်စာတတ်ရမယ်၊ ဗီဇာလိုတယ်နဲ့ လုပ်ကြတယ်"ဆိုပြီး ဇာတ်ဝင်ခန်းတစ်ခုတွင် ဆိုထားသည်။ မင်းသားကြီးဆိုလိုချင်သည်မှာ အတိတ်ကာလနယ်ချဲ့ ဗြိတိသျှတို့ကမ္ဘာအနှံ့ နေမဝင်အင်ပါယာ တည်ဆောက်ခဲ့ကြစဉ် ဘာဗီဇာမှမလုပ်ခဲ့။သူတို့ကိုလိုနီပြုရာနိုင်ငံများ၏ မိခင်ဘာသာစကားကိုလည်း မသင်ယူခဲ့ကြ။ အခုကျမှ သူတို့က အခွင့်ထူးခံပြန်လုပ်သည်ဟု ဆိုလိုခြင်းပင်။ အိန္ဒိယနည်းတူ ဗြိတိသျှတို့ဗီဇာမလိုဘဲ ဝင်ရောက်ခဲ့သော နိုင်ငံများတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ ခဏတစ်ဖြုတ်မှသည် ထာဝရအုပ်ချုပ်ဖို့ ထိ ရည်ရွယ်ခဲ့ကြသည်။ ၁၉ ရာစုအတွင်း အတင်းအဓမ္မဖန်တီးသည့် ကျူးကျော်စစ်သုံးကြိမ်ဖြင့် နိုင်ငံတော်တစ်ခုလုံးကို စိတ်ကြိုက်လိုရာကြိုးဆွဲခဲ့ကြသည်။

၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် ရန်ကုန်မြို့၌ ဗမာ့တပ်မတော်တပ်ထွက်ပွဲကို ကျင်းပခဲ့သည်။ ထိုတပ်ထွက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှာ အားရဖွယ်ကောင်း၏။ တိုသလောက် လိုရင်းပေါ်လွင်၏။

"ရဲဘော်တို့…အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်၊ မြန်မာပီပီ မြန်မာ့သွေးကို ပြပါ၊ အထက်ဗိုလ်များရဲ့အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ၊ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်၊ မြန်မာ့ရန်သူကို ချေမှုန်းကြ။အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ..ဒါပဲ"ဟူသည့် တိုတိုတုတ်တုတ်မိန့်ခွန်းတွင် ခေါင်းဆောင်မှုနှင့် စည်းလုံးမှု၊ မြန်မာ့သွေးရဲရဲနီမှုတို့ အထင်းသားပေါ်လွင်နေပါ၏။

တပ်မတော်၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းပါဝင်မှုတို့ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တစ်နိုင်ငံလုံး တစ်မျိုးသားလုံး မျှော်မှန်းတောင့်တနေကြသော ကိုယ်ပိုင်လွတ်လပ်ရေးကြီးကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။ သို့သော် အလုံးစုံအပြည့်အဝပျော်ရွှင်မှုကားမရခဲ့ကြ။အကြောင်းမှာ မူဗြိတိသျှတို့ကြိုတင်စီစဉ်ထားသည့်သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးကြောင့်ပင်ဖြစ်၏။ ကိုလိုနီလက်အောက်မှ လွတ်မြောက်ပြီး တိုင်းသစ်ပြည်သစ် တည်ဆောက်ရန် ကြိုးစားနေချိန်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခြင်းမှ အစပြုသည့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၊ မငြိမ်သက်မှုများက နေရာအနှံ့အပြားဖြစ်ပေါ်ခဲ့သည်။ ရန်ကုန်မြို့ပြတစ်ဝိုက်မျှသာ အစိုးရအာဏာရှိခဲ့သောကြောင့် ရန်ကုန်အစိုးရဟုပင် ပြက်ရယ်ပြုခြင်းခံခဲ့ရ၏။ လွတ်လပ်ရေးသက်တမ်း ၁၀ နှစ်ရောက်သည့်အချိန်တွင် အိမ်စောင့်အစိုးရဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်များကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ထိုစဉ်ကာလ တပ်မတော်တွင် လုံလောက်သော လူသူလက်နက်ခဲယမ်းတို့မရှိခဲ့ကြ။

၁၉၆၂ ခုနှစ် မတ်လအတွင်း ရှမ်းစော်ဘွားဟောင်းများက ၎င်းတို့လိုလားသည့် ဖက်ဒရယ်မူမရလျှင် ပြည်ထောင်စုမှ ခွဲထွက်မည်ဟူသော စကားသံဖြင့် တစ်စခန်းထခဲ့ကြပြန်သည်။ တပ်မတော်က ဖြစ်ပေါ်နေသည့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အရ တိုင်းပြည်တာဝန်များကို ယူခဲ့ရပြန်၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့ပြီး တော်လှန်ရေးကောင်စီကိုလည်း ဖွဲ့စည်းခဲ့သည်။ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံတော်စုပေါင်းတည်ထောင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြင့် ဖိတ်ခေါ်ကမ်းလှမ်းပေးခဲ့သည်။ ကမ္ဘာ့ရေးရာအနေဖြင့် မည်သည့်နိုင်ငံရေးအုပ်စု၊ စစ်ရေးများတွင်မှ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်၍ တရားမျှတသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ဆိုရှယ်လစ်စနစ်၏အားနည်းချက်များ၊ပြည်ပမှ စွက်ဖက်သွေးထိုးခြေရှုပ်မှုများ၊တံလျှပ်ကို ရေထင်ကြသည့် ပုဆိန်ရိုးများအကြောင်းတရားပေါင်းစုံ တွေ့ဆုံခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ရပ်ပေါ်ပေါက်ခဲ့ရသည်။ ထိုကာလများအတွင်း လွတ်လပ်ရေးအတွက် စုစည်း

**❖ မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့်အတူ တပ်မတော်သမိုင်းသည် မွေးဖွားခဲ့ရ၏။ စတင်မွေးဖွားချိန်ကတည်းက ဖြောင့်တန်းသောခရီးကို မလျှောက်ခဲ့ရ။ နည်းနည်းနှင့်ကျဲကျဲဝိုင်းလျက် တိုင်းပြည်ကို ကာကွယ်ခဲ့ရသည်။ များများရှိလာပြန်သည့်အခါ များများပယောဂတွေက ပွတ်တိုက်တွန်းထိုးလာကြသည်။ နိုင်ငံတော်ကို ကာကွယ်နေသော၊ ပြည်သူ့အကျိုးကို သယ်ပိုးနေသော တပ်မတော်သည် အဝေးရန် အနီးရန်များ မည်မျှပင်များပြားနေပါစေ တိုင်းပြည်နှင့် လူမျိုးမျက်နှာ တစ်ခုတည်းကိုသာ ကြည့်လျက် တစ်ကြောင်းတည်းသောခရီးကို တစိုက်မတ်မတ် လျှောက်လှမ်းလျက်ရှိသည်။ ထိုသို့ လျှောက်လှမ်းခဲ့သည်မှာ နှစ်ပေါင်း ၈၀ ပင် ရှိခဲ့ချေပြီ…**

ညီညွတ်ခဲ့ကြသော မြန်မာ့စိတ်ဓာတ်သည် မည်သို့မျှအစရှာမရလောက်အောင် ပျောက်ဆုံးခဲ့ရသည်မှာ ရင်နာဖွယ်ကောင်းလှပါ၏။ထိုအခြေအနေမျိုးတွင် တပ်မတော်အနေဖြင့် မဆိုင်သလိုနေ၍မရဘဲ အချိန်မီကာကွယ်မှုပြုခဲ့ရပြန်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူ၍ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နိုင်အောင်ကြိုးစားရုန်းကန်ခဲ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ဖြင့် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေး၊လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ မဝေးသေးသော အတိတ်ကာလပင်ရှိသေး၏။ ကြည့်တတ်မှသာမြင်ပါလိမ့်မည်။

ပြည်သူတို့မျှော်လင့်နေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ အရောက်လှမ်းနိုင်ရေးလိုအပ်သည့်ပြင်ဆင်မှုများဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သစ်ဆီ ကူးပြောင်းနိုင်ခဲ့သည်။ ထိုသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ကူးပြောင်းရာတွင် ပါးစပ်ကသာ ဒီမိုကရေစီဟု ကြွေးကြော်နေကြသော ပြည်တွင်းပြည်ပအဖျက်သမားများက မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ဒီမိုကရေစီကျင့်စဉ်ကောင်းများရမည်ကို မလိုလားကြ၊ နိုင်ငံတော်ကြီးအေးချမ်းတည်ငြိမ်ပြီး လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာမှာကိုမလိုလားကြပေ။ထိုပြည်ဖျက်သမားများ၊ပြည်ဖျက်မီဒီယာများသည် ၎င်းတို့အသုံးချခံလူသားများကို ရှာဖွေကြပြီး သူကောင်းပြုတံဆိပ်များပေးအပ်ကြသည်။ မက်လောက်ဖွယ်စည်းရုံးမှုများဖြင့်ပေးကြကမ်းကြသည်။ ထိုသို့သော စည်းစိမ်များတွင်သာယာယစ်မူးသူများက အစိုးရနှင့်တပ်မတော်၊ အစိုးရနှင့်ပြည်သူ၊ပြည်သူနှင့်တပ်မတော် မသင့်မမြတ်ဖြစ်စေရန် အစဉ်တစိုက်ကြိုးပမ်းကြသည်။ တိုင်းပြည်ဖွံ့ဖြိုးရေးစီမံကိန်းမှန်သမျှဆန့်ကျင်ကြသည်။ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတစ်ခုပေါ်တိုင်း အားရဝမ်းသာကြိုဆိုကြသည်။ ပေးကမ်းပံ့ပိုးကြသည်။ ထိုသို့ လူမိုက်အားပေးကိစ္စများမပြုလုပ်ရန် တပ်မတော်က အတွေ့အကြုံရှိသူပီပီ တားမြစ်လျှင် တပ်မတော်က လူ့အခွင့်အရေးချိုးဖောက်လျက်ရှိကြောင်း သူခိုးက လူပြန်ဟစ်ကြသည်။

အနီးစပ်ဆုံး ၂၀၂၁ ခုနှစ်ဖြစ်စဉ်က ပူပူနွေးနွေးသာဓကပင်ဖြစ်သည်။ မဲလိမ်မဲခိုးမှုများဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် အကျည်းတန်အရုပ်ဆိုးလွန်းခဲ့၏။ ထိုသည်ကို တပ်မတော်က လူကြီးလူကောင်းပီသစွာသဘောထားများ အသိပေးထုတ်ပြန်ခဲ့၏။ အသိပေးခဲ့၏။ ထိုစဉ်က အစိုးရက မျက်နှာလွှဲခဲပစ်လုပ်ခဲ့၏။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်လုပ်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် တပ်မတော်က မလွှဲရှောင်သာ နိုင်ငံ့တာဝန်များရယူခဲ့ရ၏။ ထိုသည်ကို သဘောမတွေ့နိုင်သူများက ဆတ်ဆတ်ခါကြ၏။ ထိုင်ခုံ၊ ရုံးခန်းပင် မည်မည်ရရမရှိသူများက သူတို့ကို သူတို့အစိုးရဖွဲ့ကြ၏။ရယ်စရာတော့ကောင်းလှသည်။ သမိုင်းမသိ၊ မြန်မာနိုင်ငံဇရိယာနယ်နိမိတ်ပင် မှန်အောင်မသိ၊အနော်ရထာ၊ဘုရင့်နောင်၊ ဦးအောင်ဇေယျတို့ကိုပင် ဟုတ်တိပတ်တိ မလေ့လာခဲ့ကြသူများက ဇာတိသွေးဇာတိမာန်အကြောင်း လက်သီးလက်မောင်းတန်းပြကြသည်။ ပြည်ပ ပယောဂကြောင့် လွတ်လပ်ရေးခရီးလမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ရသည်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိကြ။ ကနောင်မင်းသားကြီး မြေစာဖြစ်ခဲ့ရသည်ကို မမြင်တတ်ကြ။ ခေတ်မီလက်နက်၊ အမြဲတမ်းတပ်မတော် မရှိခဲ့ခြင်းကြောင့် ကျွန်သက်ရှည်ခဲ့ရ၊စစ်သူကြီးမဟာဗန္ဓုလကျဆုံးခဲ့ရသည်ကို အတွေးမဆပွားနိုင်ကြ။

ယနေ့နိုင်ငံတော်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများ၏နောက်တွင် နိုင်ငံရေးဟူသည့် ဝေါဟာရကို ဂဃနဏမသိနားမလည်ဘဲ တိုင်းပြည်ပြိုကွဲပျက်စီးရေး သွေးခွဲလှုံ့ဆော်သူများ၏ မစားရဝခမန်း လေလှိုင်းအောက်ရောက်နေသူများစွာကို တွေ့ရပေမည်။ မည်သို့ပင်ဆိုစေ တပ်မတော်သည် လှိုင်းလေကြမ်းကြမ်း သမိုင်းရေစီးလမ်းထက် အပြုံးမပျက် လိုက်ပါစီးမျောခဲ့ရသည်သာ။ တပ်မတော်စတင်ဖြစ်ပေါ်ခဲ့သည့်အချိန်မှပင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခဲ့သည်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့ကို ဆောင်ရွက်ရင်း နိုင်ငံတော်၏ မျက်မှောက်ကာလ ပကတိလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးခဲ့ဖြည့်ဆည်းပေးနေဆဲဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေး၊ နိုင်ငံသားတို့အပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအား ကာကွယ်ပေးရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ခေတ်အဆက်ဆက် တတ်စွမ်းသမျှ ဆောင်ရွက်ပေးခဲ့သည်သာ။ ယနေ့ဆိုလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးပေါ်ထွန်းရေးအတွက် လိုအပ်သည့်လုပ်ငန်းဆောင်တာမှန်သမျှကိုလည်း တစ်ဆင့်ချင်းပုံဖော်ဆောင်ရွက်ပေးနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရပေမည်။မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့်အတူ တပ်မတော်သမိုင်းသည် မွေးဖွားခဲ့ရ၏။ စတင်မွေးဖွားချိန်ကတည်းက ဖြောင့်တန်းသောခရီးကို မလျှောက်ခဲ့ရ။ နည်းနည်းနှင့် ကျဲကျဲဝိုင်းလျက် တိုင်းပြည်ကို ကာကွယ်ခဲ့ရသည်။ များများရှိလာပြန်သည့်အခါ များများပယောဂတွေက ပွတ်တိုက်တွန်းထိုးလာကြသည်။နိုင်ငံတော်ကို ကာကွယ်နေသော၊ပြည်သူ့အကျိုးကိုသယ်ပိုးနေသော တပ်မတော်သည် အဝေးရန် အနီးရန်များမည်မျှပင် များပြားနေပါစေ တိုင်းပြည်နှင့် လူမျိုးမျက်နှာတစ်ခုတည်းကိုသာ ကြည့်လျက် တစ်ကြောင်းတည်းသောခရီးကို တစိုက်မတ်မတ်လျှောက်လှမ်းလျက်ရှိသည်။ထိုသို့လျှောက်လှမ်းခဲ့သည်မှာ နှစ်ပေါင်း ၈၀ ပင်ရှိခဲ့ချေပြီ။ ကမ္ဘာတည်သရွေ့ ဆက်လက်၍ လျှောက်ဆဲလျှောက်မြဲရှိနေဦးမည့် မြန်မာ့တပ်မတော်ပင်ဖြစ်ပါကြောင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို အလေးအနက်ထားဂုဏ်ပြုရေးသားလိုက်ရပါသည်။

**နွေကုံကော်(မြို့လှ)**








# ဆက်၍ချီပါ ရှေ့ဆီသို့

\- သမိုင်းနောက်ခံ ဗီဇမှန်ကို
ဆက်ခံဆင့်ကမ်း လျှောက်သည့်လမ်းဝယ်
အောင်ပန်းမွှေးကြူ အောင်လံထူ၍
အောင်သူထွန်းပေါ် တပ်မတော်၏
မြတ်မော်ကွန်းနေ့ ရှစ်ဆယ်ပြည့်ပြီ
ကြွေ့ကြွေ့လျှံသဲ တူဆင်နွဲ၊
အောင်စည်စစ်တေး ညံမစဲ။

\- လွတ်လပ်ရေးတွက် ချွေးသွေးသက်ကို
ပေးဆက်ခဲ့သော် ဘိုးဘေးတော်တို့
မြော်မြင်ရှေ့ဆီ ကိုယ့်တိုင်းပြည်၏
တည်နေချုပ်ခြာ ပြန်ရပါဖို့
ပြည်ရွာမကွဲ စဉ်ခိုင်မြဲဖို့
ရဲစိတ်ရဲမာန် ရဲသွေးလျှံ၍
သံမှုန့်သံသား စားသည့်လားပင်
ကျားကိုခလုတ် သစ်ငုတ်သင်ဖြုး
ရန်ဆူးရန်စ မှန်သမျှကို
နေ့ညမရှိ ရှင်းကြဘိဟု
သိမြင်ထင်းစွာ ပုံရိပ်လွှာတို့
ခုခါတိုင်ပဲ ရင်မှာစွဲသည်
သည်းနှလုံးတိုင် မြဲထင်ဟပ်။
ရဲဂုဏ်ရဲစိတ် တဖျတ်ဖျတ်။

\- နယ်ချဲ့ဖက်ဆစ် မျိုးမစစ်တို့
ရိုင်းညစ်ယုတ်မာ ပြုကြရာကို
"မြန်မာဟူက သွေးရဲစွ"ဟု
ကျူးကမခံ တိုက်ထုတ်လှန်သော်
နိုင်ငံလူမျိုး ပြည့်အကျိုးမို့
ဆုတ်ရိုးမရှိ ရဲကြဘိဟု
တွေးမိတိုင်းမှာ များသူငါတို့
ပြည်ရွာအတွက် သွေးဆူပွက်၍
ကြက်သီးဖြန်းဖြန်း မနားတမ်းပင်
လက်ပမ်းပေါက်ခတ် တောမသတ်။
ရဲဂုဏ်ရဲစိတ် တဖျတ်ဖျတ်။

\- လွတ်လပ်သည်မှ ခုကာလထိ
ပြည်ပပြည်တွင်း ရန်ခပင်းကို
ရှင်းလင်းခဲ့ရာ ပွဲများစွာလည်း
မြန်မာတို့သွေး ဘယ်မအေးဘဲ
နီစွေးလှကြောင်း သမိုင်းကောင်းတည့်
ထောင်းထောင်းကျေညက် ရန်မျိုးပျက်အောင်
ထိုးနှက်ချေမှုန်း ရန်စတုံးအောင်
ဒရုန်းမက ဗုံးမကလည်း
လုံးဝမှုရာ မရှိပါတည့်
ပေါ်လာရန်ငုတ် ရန်မျိုးပြုတ်အောင်
တွန့်ဆုတ်စိတ်ပျိုး မရှိရိုးပေ့
မျိုးချစ်စိတ်ဓာတ် တလှပ်လှပ်။
ရဲဂုဏ်ရဲစိတ် တဖျတ်ဖျတ်။

\- ဩော်...
သမိုင်းနောက်ခံ ဗီဇမှန်တို့
ဆက်ခံလွှမ်းခြုံ ကောင်းခြင်းစုံ၍
ရဲဂုဏ်ရဲစိတ် မျိုးချစ်စိတ်လျှင်
ပြည့်သိပ်လျှံတက် ခေတ်ဆက်ဆက်မှ
ချစ်မက်ဖွယ်ရာ စဉ်အလာနှင့်
ထင်စွာခံ့ညား တပ်မတော်သားတို့
လေးစားလှစွာ ဤလင်္ကာဖြင့်
ဂါရဝမှု အလေးပြုသည်
တိုင်းမှုပြည့်တာ ကျေသည်မို့။
ဆက်၍ချီပါ ရှေ့ဆီသို့။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**








**တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်။**